# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 29 December 2023 ၁၁၃၂၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မော်လမြိုင်မြို့၌ ပထမဆုံး အပန်းဖြေအပျော်စီးသင်္ဘောခရီးစဉ် စတင်ပြေးဆွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပထမဆုံး အပန်းဖြေ အပျော်စီးသင်္ဘောခရီးစဉ်ကို Harmony River Cruise သင်္ဘောက အပတ်စဉ်သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့တိုင်း ပြေးဆွဲပေးနေကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



Harmony River Cruise သင်္ဘောကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**မြန်မာ့နိုင်ငံရေးခရီးလမ်းသည် ခါးသီးသော ပြည်တွင်းစစ်နှင့်အတူ ယနေ့အချိန်အထိ နိုင်ငံရေးရင့်ကျက်တည်ငြိမ်မှု ရရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်ရင့်ကျက်နိုင်ရန်အတွက် နိုင်ငံရေးပါတီများ တောင့်တင်းခိုင်မာဖို့ လိုအပ်ပါသည်။ ပါတီမူဝါဒ လမ်းစဉ်ကောင်းကောင်းဖြင့် လူတော်လူကောင်းများကို လေ့ကျင့်တည်ဆောက်ကာ မြန်မာ့နိုင်ငံရေးကို ထိန်းကျောင်းပဲ့ကိုင်နိုင်ဖို့ လိုအပ်**

ဆောင်းပါး စာမျက်နှာ » ၆

**အကြမ်းဖက်လုပ်ရပ်မှာ လူအများအတွင်း၊ နိုင်ငံအတွင်းနှင့် နိုင်ငံတကာကပါ လက်မခံသောလုပ်ရပ်ဖြစ်သည်။ နိုင်ငံအတွင်း အကြမ်းဖက်မှုများ မရှိမှသာလျှင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်ကြောင့် အဓိကခံရသူ မြေစာပင်များမှာ လူငယ်လူရွယ်များပင်ဖြစ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေခံမော်တာစက်ချုပ်သင်တန်းကို MGMA က အခမဲ့ဖွင့်လှစ်မည်**

စာမျက်နှာ » ၄

## မော်တော်ယာဉ် တင်သွင်းမှုနှင့်ပတ်သက်၍ လက်ရှိ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ဆက်လက် ကျင့်သုံးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့ကာ မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ လက်ရှိချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၃) အရ သိရသည်။

**ခုနှစ်သတ်မှတ်ချက်**

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းရာတွင် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်အရ လူစီးမော်တော်ယာဉ်များအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ လုပ်ငန်းသုံးယာဉ်များ (ကုန်တင်ယာဉ်/ ခရီးသည်တင်ယာဉ်) အတွက် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ မီးသတ်ယာဉ်/လူနာတင်ယာဉ်များအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ ယန္တရားများအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ထုတ်လုပ်ထားသည့် လက်ဝဲစတီယာရင် မော်တော်ယာဉ်များကိုသာ တင်သွင်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အများပြည်သူသုံး လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○



ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အထူးစီးပွားရေးဇုန်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းလာအောင် ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်စီမံကိန်းများသည် အရေးပါသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည်။ အထူးစီးပွားရေးဇုန်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင်ရှိသည့် သမားရိုးကျစီးပွားရေးဥပဒေများထက် ပို၍လွတ်လပ်သော စီးပွားရေးဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသောနေရာဒေသဖြစ်သည်။ များပြားသောဇုန်များစုပေါင်းထားပြီး လွတ်လပ်သော ကုန်သွယ်ရေးဇုန်၊ ပို့ကုန်လုပ်ငန်းဇုန်၊ စက်မှုဇုန်၊ ဆိပ်ကမ်းနယ်မြေ၊ မြို့ပြဇုန်များပါဝင်ဖွဲ့စည်းထားသည်။

အဓိကရည်မှန်းချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အစောဆုံးနှင့် လူသိအများဆုံး အထူးစီးပွားရေးဇုန်မှာ တရုတ်နိုင်ငံမှ စီးပွားရေးဇုန်များဖြစ်ပြီး တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်က ၁၉၈၀ ပြည့်နှစ်အစောပိုင်းကတည်းက တည်ထောင်ထားခဲ့သည်။ အအောင်မြင်ဆုံးအထူးစီးပွားရေးဇုန်မှာ ရှင်ကျန်းဖြစ်ပြီး နှစ်ပေါင်း ၂၀ အတွင်း ရွာငယ်လေးတစ်ရွာမှ လူဦးရေ ၁၀ သန်းကျော်နေထိုင်သည့် မြို့ကြီးဖြစ်အောင် တည်ထောင်နိုင်ခဲ့သည်။ တရုတ်နိုင်ငံကို နမူနာယူ၍ ဘရာဇီး၊ အိန္ဒိယ၊ ဂျော်ဒန်၊ ကာဇက်စတန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က အထူးစီးပွားရေးဇုန်များ ထူထောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ အောင်မြင်သည့်စီမံကိန်းတစ်ခုဖြစ်သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ၂၀၂၀ ပြည့်နှစ်ကတည်းက စီမံကိန်းလုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ်များကို ချုပ်ဆိုနိုင်ခဲ့ပြီး ဖြည့်စွက်နောက်ဆက်တွဲသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့က ပြုလုပ်နိုင်ခဲ့သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်မည့် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားစွာဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည့် စီမံကိန်းကြီးဖြစ်လာပေမည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကြီးကို ဆောလျင်စွာ စတင်အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအထောက်အကူပြုလာပေလိမ့်မည်။ အထူးစီးပွားရေးဇုန်စီမံကိန်းဖြစ်လာသည်နှင့်အမျှ ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆိုပါအထူးစီးပွားရေးဇုန်စီမံကိန်းတွင် မြန်မာဘက်မှ အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံဘက်မှ အစုရှယ်ယာ ၇၀ ရာခိုင်နှုန်း ပါဝင်သည်။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိပ်ခံတံတားစုစုပေါင်း ၁၀ ခု ပါဝင်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကြီးပြီးစီးပါက တစ်နှစ်လျှင် ကုန်တင်ကုန်ချပမာဏ ကွန်တိန်နာပေါင်း ခုနစ်သန်း လက်ခံနိုင်ရန် လျာထားပြီး စီမံကိန်းကြီးအောင်မြင်ပြီးစီးပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းကြီးတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ အာရှ၊ အာဖရိကနှင့်ဥရောပတိုက်ကြီးများနှင့် ဆက်သွယ်မည့် ကုန်သွယ်မှုအချက်အချာနေရာတစ်ခုအဖြစ် ကမ္ဘာ့စီးပွားရေးတံခါးပေါက်ကြီးတစ်ခုဖြစ်လာမည်ဖြစ်သည်။

အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ဆွဲဆောင်နိုင်မည့်စီမံကိန်းဖြစ်သည်။ နိုင်ငံတော်အတွက် အခွန်ငွေများဖန်တီးပေးကာ ပတ်ဝန်းကျင်ရှိလုပ်ငန်းများကို မြှင့်တင်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီ၏ ဂျီဒီပီကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ စီမံကိန်းစတင်နိုင်ရန် ပြီးစီးသွားသောလုပ်ငန်းစဉ်များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ဆန်းစစ်ချက်၊ လူမှုအကျိုးစီးပွားဆန်းစစ်ချက်နှင့်ပတ်သက်၍ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေသည်။ စီမံကိန်းနှင့်အတူတွဲဖက်၍ စက်မှုဥယျာဉ်စီမံကိန်းကိုပါ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်၍ ဒေသခံပြည်သူများအတွက် များစွာအကျိုးများမည်ဖြစ်သည်။

ကျောက်ဖြူမြို့သည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် တည်ရှိပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက် တန်ဖိုးကြီးမားသောနေရာဖြစ်သည်။ စီမံကိန်းကြီးမှတစ်ဆင့် တောင်အာရှ၊ အနောက်အာရှနှင့် အာဖရိကမှ တင်သွင်းမည့်ကုန်ပစ္စည်းများကို တရုတ်ပြည်မကြီးသို့ စကြံ်လမ်းကြောင်း အသုံးပြုပြီး သယ်ယူပို့ဆောင်ခြင်းဖြင့် အချိန်နှင့်ကုန်ကျစရိတ်များ အထူးသက်သာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရေနက်ဆိပ်ကမ်းကြီးအဖြစ် နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးချစ်ကြည်မှုတို့ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကြီးသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်စီးပွားလူမှုဘဝများ ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောမှုအပေါင်းကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

# ကဝမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ကဝ ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးကစားနည်း(၁၀)မျိုးဖြင့် ပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် အထက (ကဝ)ကျောင်း ဆရာကျော့ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ကဝမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းက အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းသူက သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလင်းအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းနှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နည်း၊ စောင်ဖြင့် ထမ်းစင်ပြုလုပ်နည်းနှင့် သယ်ဆောင်နည်း၊ ရေသန့်ဘူးခွံဖြင့် အသက်ကယ်အင်္ကျီပြုလုပ်နည်းများ၊ သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါက ဆောင်ရွက်ရမည့် နည်းစနစ်များ၊ မီးလောင်မှုကို ဖြစ်ပေါ်စေနိုင်သည့်အကြောင်းအရာများ၊ အရိုးကျိုးလူနာများအား ရှေးဦးပြုစုနည်း စသည့်ကစားနည်း(၁၀)မျိုးဖြင့် လေ့ကျင့်သင်ကြား ပညာပေးဆောင်ရွက်ခဲ့ကြပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက လျင်မြန်စွာတုံ့ပြန်နိုင်ပြီး ထိခိုက်ဆုံးရှုံးမှုနည်းပါးစေမည်ဖြစ်ကြောင်း သိရသည်။



**ရဲဇော်ဟိန်း(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၈၈ | ၇၇၄,၄၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၅၀ | ၁၆၆ | ၄၆၈,၀၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃ | ၂၃,၇၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၁,၁၅၄ | ၁,၈၄၆,၄၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၀၀ | ၂၅၀,၀၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၂၁၀ | ၄၂၀,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၃၇ | ၁၇၅,၅၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၇၄၄ | ၁,၂၇၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်သည်။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀–၁–၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ–ဦးအောင်မြတ်မင်း

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ၊ သာယာအေးကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာတို့တွင် သမဝါယမလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ဒေသခံပြည်သူများနှင့် တွေ့ဆုံ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ သမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာနမှ စိုက်ပျိုးရေရရှိရေး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးပြီးဖြစ်၍ ရာသီအလိုက်သီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးဆောင်ရွက်ကြရန်နှင့် သမဝါယမ အသင်းသား တောင်သူများအတွက် လိုအပ်သည့် သွင်းအားစုများကို အချိန်မီရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အသင်းသားတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာ ဘက်စုံသုံး ခန်းမတည်ဆောက်နေမှုနှင့် ရေသန့်စင်စနစ် ဆောင်ရွက်နေမှု၊ ရှားစေးဖိုကျေးရွာ၌ ဆင်သေချောင်း ယာယီချောင်းပိတ်ပြီး လျှပ်စစ်ရေတင်လုပ်ငန်းများ လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ၊ သာယာအေးကျေးရွာတို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး ယခုအခါ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆင်သေချောင်းယာယီရေထိန်းဆည် တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်နိုင်ငံတော်အစိုးရမှ ကျေးရွာနေ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် နှစ်စဉ်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ရေသုံးစွဲသူအစုအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ ဆောင်ရွက်ရန်၊ စိုက်ပျိုးနိုင်သည့်မြေများတွင် ရာသီအလိုက်သီးနှံများ သီးထပ် သုံးသီး စိုက်ပျိုးဆောင်ရွက်ရန် ဆွေးနွေးပြောကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ ရွှေ့ဖုံးမှ**

ခရီးစဉ်အနေဖြင့် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ထားဝယ်တံတားမှ စတင်ထွက်ခွာကာ သံလွင်မြစ်အတွင်း မောင်းနှင်သွားလာမည်ဖြစ်ပြီး လှပသည့် တောင်တန်း၊ စေတီပုထိုးများ၊ယာခင်းတောများ၊ တစ်နိုင်တစ်ပိုင် ငါးဖမ်းလှေများ၊ နေဝင်ချိန်အလှအပများကို ခံစားနိုင်မည်ဖြစ်ပြီး မောင်းနှင်ချိန်မှာ နှစ်နာရီကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။"ခရီးစဉ်အနေနဲ့ မော်လမြိုင်ကမ်းနားလမ်း ထားဝယ်တံတားကနေ ဘီလူးကျွန်းကိုသွားတဲ့တံတားရယ်၊ မုတ္တမကိုကူးတဲ့ တံတားရယ် အဲဒီအတွင်းမှာပဲ ခုတ်မောင်းသွားမယ်" ဟု ၎င်းက ပြောသည်။



ခရီးစဉ်အတွင်း ဘူဖေးပါဝင်မည်ဖြစ်ကာ လက်မှတ်တစ်စောင်ကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ၁၀နှစ်အောက် ကလေးငယ်များအနေဖြင့် ငွေကျပ် ၁၅၀၀၀ ကျသင့်မည်ဟု သိရကာ unplugged အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။ "သောကြာ၊ စနေ၊ တနင်္ဂနွေ ၃ရက်လောက်က သံလွင်မြစ်ထဲမှာ စုန်ဆန်ပြီးသွားမယ်၊ ကျန်တဲ့ လေးရက်ကတော့ cruise မှာပဲ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ ထည့်သွင်း ရောင်းချမှာပါ။ ရှားပါးမှုကတစ်ကြောင်း၊ လာတဲ့ Customer တွေရဲ့အချိန်ရော၊ ငွေရော တန်အောင်ဆောင်ရွက်ပေးထားပါတယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် အဖွဲ့အစည်းများမှ Dinner၊ Wedding အစီအစဉ်များဆောင်ရွက်လိုပါကလည်း သင်္ဘောကို စင်းလုံးငှားပေးနေကြောင်း ၎င်းကဆိုသည်။လက်မှတ်ဝယ်ယူလိုသူများအနေဖြင့်ကမ်းနားလမ်း၊ စစ်ကဲကုန်းရပ် ထားဝယ်တံတား၌ ဝယ်ယူနိုင်ပြီး အွန်လိုင်းမှတစ်ဆင့် ဘိုကင်တင်နိုင်ကြောင်းသိရသည်။ **MT**

**○ ရန်ကုန်မှ**

ပူးတွဲပါလုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော ၁၅ နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ် (၂၀၁၀ ခုနှစ်နှင့်အထက် ထုတ်လုပ်သောယာဉ်) များအဖြစ် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ယခုထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန် နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာဖြစ်ပြီး မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ လက်ရှိချမှတ်ဆောင်ရွက်နေသည့်မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ **သစ်တော်**

## အယ်လ်နီညိုအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာၤပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ဖေဖော်ဝါရီလမှ စတင်၍ အယ်လ်နီညိုအခြေအနေမှာ တဖြည်းဖြည်း ပြန်လည်လျော့ကျလာနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မုံရွာမြို့၌ ကိုယ်ရေးအချက်အလက်များကောက်ယူ၍ e-ID စနစ် လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၂၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်းခန်းမ၌ မုံရွာမြို့ရှိ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများနှင့် လေ့ကျင့်ရေးအလယ်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် နိုင်ငံသားကတ်ပြား ဆောင်ရွက်ပေးခြင်း၊ e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူခြင်းလုပ်ငန်း( One Stop Service) ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**မေးမြန်းဆွေးနွေး**

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်နှင့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ဖြစ်သည့်အတွက် တိကျမှန်ကန်စွာ ဖြည့်တင်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာ အခက်အခဲများ မေးမြန်း ဆွေးနွေးနှုတ်ဆက်အားပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအနက် နိုင်ငံသားကတ်ပြား မရှိသေးသူများ၊ ပျောက်ဆုံး၍ ပြန်လည်လျှောက်ထားသူများကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးနောက် e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက် (Bio-graphic)နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေးပြီး နိုင်ငံသားကတ်ရှိပြီးသူများကို ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) များ ကောက်ယူ၍ e-ID စနစ်အတွက် ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို တစ်နေရာတည်းတွင် တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားကတ်မရှိသူ ၂၁၅ ဦးကို နိုင်ငံသားကတ် ထုတ်ပေးခဲ့ပြီး နိုင်ငံသားကတ်ရှိပြီးသူ ၆၃ ဦးနှင့်အတူ စုစုပေါင်း ၂၇၈ ဦးကို e-ID စနစ် ဆောင်ရွက်ပေးပြီး Unique ID နံပါတ်များ ထုတ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မုံရွာမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံများ၊ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းအချက်အလက်များကို ရုံးချုပ်ရှိ e-ID Sever မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ် ပြင်ဆင်ဖြည့်စွက် အတည်ပြုဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ စနစ်တကျ မှန်ကန်မြန်ဆန်စွာ တိုက်ဆိုင်စိစစ် ဖြည့်သွင်းရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ဆွေးနွေးပွဲ တက်ရောက်ခဲ့သူများ၏ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ၂၀၂၃ ခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်၍ ဆွေးနွေးပွဲများ တက်ရောက်ခဲ့သူများ၏ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

ရှင်းလင်းပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံများသို့ သွားရောက်ရန် ရွေးချယ်စေလွှတ်ခြင်းခံရပါက နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏ အရည်အချင်း၊ အရည်အသွေးများကို အမြဲမပြတ် မြှင့်တင်ဖြည့်ဆည်းပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့အကျိုး၊ ဌာနအကျိုးနှင့် ပြည်သူလူထုအကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းတာဝန်ထမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေတို့ကို သိရှိလေ့လာထားရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ပနိုင်ငံများသို့ သွားရောက်၍ ဆွေးနွေးပွဲများ တက်ရောက်ခဲ့သူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းကျိုးမြို့၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လက်ဖက်ယဉ်ကျေးမှုနှင့် လက်ဖက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်ဘိုမြို့၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် သက်မွေးပညာရပ် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ လည်းကောင်း အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန် မေးမြန်းဖြေကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေခံမော်တာစက်ချုပ်သင်တန်းကို MGMA က အခမဲ့ ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အထည်ချုပ် စက်ရုံများနှင့် အလုပ်အကိုင် ရှာဖွေနေသူများ အကြား ချိတ်ဆက်၍ အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးနိုင်မည့် အခြေခံမော်တာ စက်ချုပ်သင်တန်းကို သင်တန်း ကြေးအခမဲ့ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း (MGMA)က ဖွင့်လှစ်မည် ဖြစ်ကြောင်း ယင်းအသင်းမှ သိရသည်။



**သင်တန်းကြေးအခမဲ့**

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) က ကြီးမှူးပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက် မှ ၁၉ ရက်အထိမြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာ (MGHRDC) တွင် သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းဖွင့်လှစ်ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှ အလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူများ အကြား ချိတ်ဆက်ပေးနိုင်မည် ဖြစ်ကာ သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများဖြင့် ချိတ်ဆက်ကာ အလုပ်ရရှိရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ယင်းအသင်းမှ သိရသည်။ “သင်တန်းကြေးကတော့ အခမဲ့ပါ။ သင်တန်းကနေဆင်းရင် မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှာ Member ဝင်ထားတဲ့စက်ရုံတွေက အလုပ်ခေါ်ရင် နီးစပ်ရာ စက်ရုံတွေနဲ့ ချိတ်ဆက်ပေးပါတယ်”ဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သင်ကြားပေးသွားမည်**

အဆိုပါသင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်း အဆင့်ဆင့်များကို လက်တွေ့ သင်ကြားမှုများဖြင့် သင်ကြား ပေးသွားမည်ဖြစ်ပြီး အလုပ်သမား ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ပြောကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

# ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမား ကိုးသိန်းနီးပါးခန့်ကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးနိုင်ရေး စခန်း ငါးခုနှင့် Mobile Unit သုံးခု ဖွင့်လှစ်ဆောင်ရွက်မည်





နေပြည်တော် ဒီဇင်ဘာ ၂၈

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသည့် ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)စာအုပ်ထုတ်ပေးရေး စခန်းများတွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများမှ ဩဝါဒခံယူခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CI စာအုပ်ထုတ်ပေးရေး စခန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ထိုင်းအလုပ်ရှင်များမှ အမည်စာရင်း တင်သွင်းထားသည့် အထောက်အထားမဲ့မြန်မာအလုပ်သမား ကိုးသိန်းနီးပါးခန့်ကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)နှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ အလုပ်သမားသက်သေခံကတ်(OWIC) ထုတ်ပေးနိုင်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးချက်အရ CI ထုတ်ပေးနိုင်ရေး စခန်းငါးခုနှင့် Mobile Unit သုံးခု ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား CI နှင့် OWIC ထုတ်ပေးရခြင်းမှာ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိစေရန် ရည်ရွယ်၍ ထုတ်ပေးရခြင်းဖြစ်ပြီး ထိုသို့ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိပါက အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် CI နှင့် OWIC ပြုလုပ်မည့် အလုပ်သမားများသည် တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် စေတနာထား၍ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

တာဝန်ထမ်းဆောင် ကြမည့် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း တိတိကျကျ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ အချင်းချင်း နိုင်ငံ့ဝန်ထမ်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စေတနာ၊ ကရုဏာထား၍ ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်ရမည်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် ဝန်ကြီးဌာန ကိုယ်စားပြုသွားရောက်ခြင်းဖြစ်သည့်အတွက် အပြုအမူ၊ အပြောအဆိုများကို ဆင်ခြင်ထိန်းသိမ်းကြရန် မှာကြားသည်။

**မှာကြား**

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ပြည်ထောင်စုနေ့ကျင်းပရေး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က ယခင်နှစ်က ကျင်းပခဲ့သည့် အခမ်းအနား၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာရယူပြီး ယခုနှစ်တွင် ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်၊ မြေစိုက်ပိုစတာများကို သတ်မှတ်နေရာများတွင် ကြိုတင်စိုက်ထူရန်၊ သဝဏ်လွှာများ အချိန်မီရရှိပေးပို့နိုင်ရေးဆောင်ရွက်ရန်၊ လုပ်ငန်းလိုအပ်ချက်များရှိပါက စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# မြောင်းမြမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မြောင်းမြမြို့ ကံ့ကော်မြိုင် အတွင်းပတ်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တို့နှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းသည် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်ခဲ့ပြီး အလျား ၁၃၁၅ ပေ၊ အကျယ် ၁၂ ပေနှင့် ဒု ခြောက်လက်မရှိပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဗမော်သုံးခွ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ရှင်းလင်းဆောင်တွင် ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန လက်ထောက် အင်ဂျင်နီယာက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၊ အကျိုးပြု ဧကများ၊ နှစ်အလိုက်ရေပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဒေသခံ တောင်သူများနှင့် ဆက်လက်တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဧကအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိရေး အတွက် အထွက်တိုး မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရန်၊ စိုက်နည်းစနစ်များ ပြောင်းလဲ စိုက်ပျိုးရန်၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တစ်နှစ်သုံးသီးအထိ စိုက်ပျိုးနိုင်ရေး လမ်းညွှန်မှာကြားခဲ့ပြီး တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များအား ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ပြီး ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့ သာသနာ့ဗိမာန်တော်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး၊ သံဃာတော်များ၊ လူပုဂ္ဂိုလ်များဘာသာသာသနာရေးဆိုင်ရာ ကိစ္စရပ်များအား စိတ်အေးချမ်းသာစွာ ပြုလုပ်နိုင်စေရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ စီစဉ်ဆောင်ရွက်လုပ်ကိုင်စေရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လွှတ်တော်ကိုယ်စားလှယ်များ လျှောက်လှမ်းရမည့် နိုင်ငံရေးခရီး

မောင်ရွှေရိုး

**နိဒါန်း**

မြန်မာနိုင်ငံသည် နိုင်ငံရေးစနစ်အမျိုးမျိုးကို ဖြတ်သန်းရင်း ပါလီမန်လွှတ်တော်များအတွင်း နိုင်ငံရေးသဘောထားကွဲလွဲမှုများမှ လက်နက်ကိုင် ဆန့်ကျင်မှုများကြောင့် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရပါသည်။ မြန်မာ့နိုင်ငံရေးခရီးလမ်းသည် ခါးသီးသော ပြည်တွင်းစစ်နှင့်အတူ ယနေ့အချိန်အထိ နိုင်ငံရေး ရင့်ကျက်တည်ငြိမ်မှုရရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်ရင့်ကျက်နိုင်ရန်အတွက် နိုင်ငံရေးပါတီများ တောင့်တင်းခိုင်မာဖို့ လိုအပ်ပါသည်။ ပါတီမူဝါဒ လမ်းစဉ်ကောင်းကောင်းဖြင့် လူတော်လူကောင်းများကို လေ့ကျင့်တည်ဆောက်ကာ မြန်မာ့နိုင်ငံရေးကို ထိန်းကျောင်းပဲ့ကိုင်နိုင်ဖို့ လိုအပ်ပါသည်။ ထိုနိုင်ငံရေးပဲ့ကိုင်ရှင်များသည် နိုင်ငံရေးသမား လွှတ်တော်ကိုယ်စားလှယ်များပင် ဖြစ်ပါသည်။



၂၀၁၂ ခုနှစ်အတွင်းက ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပစဉ်။

**ဖဆပလခေတ်**

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ၁၉၅၈ ခုနှစ်အထိ ကာလတွင် ဖဆပလအဖွဲ့က ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့များက အုပ်ချုပ်ခဲ့သဖြင့် ထိုကာလကို ဖဆပလခေတ်ဟု ခေါ်ဆိုခဲ့သည်။ လွတ်လပ်ရေးရပြီးစအချိန်တွင် ဖဆပလအဖွဲ့သည် အင်အားကောင်းခဲ့သော်လည်း နောက်ပိုင်း၌ ခေါင်းဆောင်များအတွင်း သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၅၈ ခုနှစ် မေလတွင် ဦးနုနှင့် သခင်တင်တို့ ဦးဆောင်သည့် သန့်ရှင်းဖဆပလနှင့် ဦးကျော်ငြိမ်းနှင့် ဦးဘဆွေတို့ ဦးဆောင်သည့် တည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လတွင် ဦးနုခေါင်းဆောင်သော အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း တည်မြဲဖဆပလအဖွဲ့က ပါလီမန်အထူးအစည်းအဝေးကျင်းပပြီး အဆိုတင်သွင်း၍ မဲခွဲရာ ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၁၂၇ မဲဖြင့် သန့်ရှင်းဖဆပလက အနိုင်ရခဲ့သည်။ အနိုင်ရရှိခြင်းမှာ ရခိုင်အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် ပြည်သူ့အမျိုးသားညီညွတ်ရေးတပ်ဦးအပါအဝင် ပမညတတို့ကို အပေးအယူပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ဖဆပလအဖွဲ့ကြီး အကွဲအပြဲကြောင့် ရောင်စုံသောင်းကျန်းသူများ၏ တိုက်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးလိုက်လျောမှုအနေဖြင့် တောခိုသူတိုင်းအား လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေနှင့် လက်နက်ချအဖွဲ့အစည်းများအား တရားဝင်ထူထောင်ခွင့်ပေးသည့်အမိန့်ကို ၁၉၅၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနုက နိုင်ငံတော်၏ အခြေအနေအရပ်ရပ် ယိမ်းယိုင်လာခြင်းကြောင့် ၁၉၅၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို ၁၉၅၉ ခုနှစ် ဧပြီလသို့ ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ပြီး ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားမှုပြန်လည်ရရှိရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် အိမ်စောင့်အစိုးရထံ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့သည်။

အိမ်စောင့်အစိုးရသည် အာဏာလွှဲပြောင်းယူစဉ်က ပါလီမန်ရွေးကောက်ပွဲများ ခြောက်လအတွင်း ကျင်းပနိုင်လိမ့်မည်ဟု မျှော်မှန်းခဲ့သော်လည်း လက်တွေ့တာဝန်ဝတ္တရားများ ထမ်းဆောင်ရသည့်အခါ ခြောက်လအတွင်း ရွေးကောက်ပွဲကျင်းပပေးရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၆၆ ကို လွှတ်တော်ကပြင်ဆင်ပေးပြီး သက်တမ်းတိုးမြှင့် တာဝန်ထမ်းဆောင်စေခဲ့သည်။ အိမ်စောင့်အစိုးရသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း၊ လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင်လည်းကောင်း ကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲ အနိုင်ရသော သန့်ရှင်းဖဆပလအဖွဲ့အား နိုင်ငံတော်အာဏာ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ပြည်သူတို့၏ ယုံကြည်မှုများကင်းမဲ့လာခဲ့**

၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် အိမ်စောင့်အစိုးရက နိုင်ငံတော်အာဏာ အပ်နှင်းခဲ့သော သန့်ရှင်းဖဆပလ ပြည်ထောင်စုအစိုးရ(ပထစ)သည် နိုင်ငံရေးအာဏာလုမှုများ၊ ဦးဗိုလ်သခင်အုပ်စုတိုက်ပွဲများဖြစ်ပွားခဲ့ရပြီး ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ပြည်သူတို့၏စားဝတ်နေရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ရွေးကောက်ပွဲကတိအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း မရှိသဖြင့် အစိုးရအပေါ် ပြည်သူတို့၏ ယုံကြည်မှုများ ကင်းမဲ့လာခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ၁၀ နှစ်အတွင်း အုပ်ချုပ်ရေးယန္တရား လျော့ရဲလာခြင်း၊ ပြည်တွင်း၌ ငြိမ်ဝပ်ပိပြားရေးကျဆင်းလာ၍ ဆူပူသောင်းကျန်းနေသော ကွန်မြူနစ်များနှင့် အခြားလက်နက်ကိုင်သောင်းကျန်းသူများအား နှိမ်နင်းရန်ပျက်ကွက်ခြင်းတို့အပြင် ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကူမင်တန်တပ်များ ကျိုင်းတုံနယ်သို့ ကျူးကျော်ခဲ့ပြီး အမေရိကန်၏ ကူညီထောက်ပံ့မှုများ ရယူဆောင်ရွက်ခဲ့သဖြင့် ကုလသမဂ္ဂအထိ တိုင်ကြားခဲ့ရသည်။ ဤအခြေအနေကို အခွင့်ကောင်းယူ၍ ဗကပတို့သည် အစိုးရ၏အားနည်းချက်နှင့် နိုင်ငံရေးအကျပ်အတည်းအပေါ် ယင်းတို့၏တပ်များကို တပ်မတော်ထဲသို့ ပူးပေါင်းထည့်သွင်းဖွဲ့စည်းပေးရန်အထိ တောင်းဆိုလာခဲ့သည်။ ထို့အပြင် ပဒေသရာဇ်စော်ဘွားအချို့၊ နိုင်ငံရေးပါတီအမတ်အချို့တို့သည် အင်အားကြီး အနောက်အုပ်စုဩဇာခံ အရှေ့တောင်အာရှစစ်အုပ်စု ဆီးတိုး(SEATO)နှင့်လျှို့ဝှက်ဆက်သွယ်ပြီး ဆီးတိုး (SEATO) အဖွဲ့ထဲဝင်ရောက်ရေး၊ ပြည်ထောင်စုထဲမှ ခွဲထွက်ရေး၊ ဖက်ဒရယ်မူဟူ၍ တင်ပြတောင်းဆိုလာခဲ့ကြသည်။ ပထစအစိုးရသည် ထိုကိစ္စအား ထိရောက်ပြတ်သားစွာ မဖြေရှင်းခဲ့ဘဲ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်မနိုင်ငံရေးခေါင်းဆောင်များ နှီးနှောဖလှယ်ပွဲ ကျင်းပ၍ နှစ်သိမ့်ရန်ကြိုးပမ်းခဲ့သည်။ သန့်ရှင်းဖဆပလ၊ ပထစအစိုးရ၏ နိုင်ငံရေးဦးဆောင်မှုအပိုင်းနှင့် ပါလီမန်အမတ်များ၏ အရည်အချင်းနှင့် ဆောင်ရွက်မှု အားနည်းချက်များကြောင့် ပြည်ထောင်စုကြီးပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးနိုင်သည်အထိ ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ တပ်မတော်သည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ရယူခဲ့ရသဖြင့် ပါလီမန်ဒီမိုကရေစီစနစ်လည်း ချုပ်ငြိမ်းသွားခဲ့သည်။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၆၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးဥပဒေကို ပြဋ္ဌာန်းကာ နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ပြည်သူ့ပါတီအဖြစ်ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်း၍ တစ်ပါတီစနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ စီးပွားရေးမူဝါဒများ ယိုယွင်းလာပြီး ဆင်းရဲကျပ်တည်းမှုများကို အကြောင်းပြု၍ ကွန်မြူနစ်တို့၏ မြေပေါ်မြေအောက် လှုပ်ရှားဆောင်ရွက်မှုများနှင့် အနောက်နိုင်ငံများမှ ဝင်ရောက်သွေးထိုးစွက်ဖက်မှုများကြောင့် အရေးအခင်းများ ပေါ်ပေါက်လာခဲ့သည့်အတွက် နိုင်ငံတော်တွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းတာဝန်ယူခဲ့ရသည်။

**နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ခွင့်ပြု**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ခွင့်ပြုခဲ့သည်။ နိုင်ငံရေးပါတီမျိုးစုံ အပြိုင်အဆိုင်တည်ထောင်ခဲ့ကြရာ ပါတီပေါင်း ၂၃၃ ပါတီအထိ မှတ်ပုံတင်ခဲ့သည်။ တောတွင်း လက်နက်ကိုင်ကွန်မြူနစ်ပါတီ ဗကပ၏ ဒီမိုကရေစီအရေခြုံပါတီများ၊ ပြည်ပြေးဒေါက်တာစိန်ဝင်း၏ NCGUB ယှဉ်ပြိုင်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များ ပါဝင်သည့် ပါတီများ စသည်ဖြင့် လက်ဝဲလက်ယာပါတီမျိုးစုံ ပါဝင်ခဲ့သည်။ ဥပဒေနှင့်ညီညွတ်မှုမရှိသော ပါတီများကို ငြင်းပယ်ခြင်း၊ ရပ်တည်နိုင်မှုမရှိခြင်းကြောင့် ဖျက်သိမ်းခဲ့ရခြင်း စသည်ဖြင့် ပါတီ ၁၂၄ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ၉၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၇ ပါတီမှ ကိုယ်စားလှယ် ၄၇၉ ဦး၊ တစ်သီးပုဂ္ဂလ ခြောက်ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ယင်းရွေးကောက်ပွဲသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအစိုးရများကို ဖွဲ့စည်းဆောင်ရွက်ကြရန်ဖြစ်သည်။ NLD ပါတီ ရွေးကောက်ခံကိုယ်စားလှယ်များက အာဏာလွှဲပြောင်းပေးရန်နှင့် လွှတ်တော်ခေါ်ယူပေးရန် အတင်းအကျပ်တောင်းဆို ဆောင်ရွက်လာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်မှရေးဆွဲမည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်အစိုးရ ဖွဲ့စည်းရေး ဆွေးနွေးပြင်ဆင်လာကြပြီး အာဏာရယူရေးကို ဆောင်ရွက်လာကြသည်။ နောက်ပိုင်းတွင် ပြည်ပြေးဒေါက်တာစိန်ဝင်းက ယှဉ်ပြိုင်အစိုးရကို ဖွဲ့စည်းလာခဲ့သည်။

စာမျက်နှာ ၇ သို့ ☆

> ❝ မြန်မာ့နိုင်ငံရေးခရီးလမ်းသည် ခါးသီးသော ပြည်တွင်းစစ်နှင့်အတူ ယနေ့အချိန်အထိ နိုင်ငံရေး ရင့်ကျက်တည်ငြိမ်မှုရရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်ရင့်ကျက်နိုင်ရန်အတွက် နိုင်ငံရေးပါတီများ တောင့်တင်းခိုင်မာဖို့ လိုအပ်ပါသည်။ ပါတီမူဝါဒ လမ်းစဉ်ကောင်းကောင်းဖြင့် လူတော်လူကောင်းများကို လေ့ကျင့်တည်ဆောက်ကာ မြန်မာ့နိုင်ငံရေးကို ထိန်းကျောင်းပဲ့ကိုင်နိုင်ဖို့ လိုအပ်ပါသည်။ ထိုနိုင်ငံရေးပဲ့ကိုင်ရှင်များသည် နိုင်ငံရေးသမား လွှတ်တော်ကိုယ်စားလှယ်များပင်ဖြစ် ❞

☆ စာမျက်နှာ ၆ မှ

၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကျင်းပခဲ့ရာ အစုအဖွဲ့ ရှစ်ခုတွင် နိုင်ငံတစ်ဝန်းမှ ဒေသစုံ၊ တိုင်းရင်းသားအစုံ၊ လူတန်းစားအလွှာစုံ ၇၀၇ ဦး၊ ပါတီ ၁၀ ပါတီမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးကောက်ခံရသော ကိုယ်စားလှယ် ၁၀၇ ဦး ပါဝင်ခဲ့ရာ NLD ပါတီမှ ကိုယ်စားလှယ် ၈၀ ကျော် ပါဝင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများ ၂၁၅ ဦး၊ အလုပ်သမား ၄၈ ဦး၊ တတ်သိပညာရှင် ၄၁ ဦး၊ တောင်သူလယ်သမား ၉၁ ဦး၊ နိုင်ငံ့ဝန်ထမ်း ၉၂ ဦးနှင့် အခြားဖိတ်ကြားသင့်သောပုဂ္ဂိုလ် ၅၇ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ ၁၉၉၅ ခုနှစ်တွင် NLD ပါတီကိုယ်စားပြု ညီလာခံကိုယ်စားလှယ် ငါးဦးနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံအစုအဖွဲ့မှ NLD ပါတီကိုယ်စားလှယ် ၈၁ ဦး စုစုပေါင်း ၈၆ ဦးတို့ ညီလာခံမှ သပိတ်မှောက်၍ ထွက်ခွာခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံသည် ၁၉၉၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ရပ်နားခဲ့ရသည့်အတွက် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များ ပျက်ပြယ်ခဲ့ရသည်။ ပြည်သူများရွေးချယ်ခဲ့သော ဆန္ဒမဲများ အဟောသိကံဖြစ်ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ခံကိုယ်စားလှယ် နိုင်ငံရေးသမားများ နိုင်ငံရေးအမြော်အမြင်နည်းပါးမှုနှင့် လုပ်နိုင်ကိုင်နိုင်စွမ်းမရှိခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းရာတွင် အချိန်ကြန့်ကြာခဲ့ပြီး လမ်းပျောက်ခဲ့ရသည်။

**❛ မြန်မာ့နိုင်ငံရေးခရီးတစ်လျှောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်များအတွင်း သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ရသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင်လည်း လွှတ်တော်များအတွင်း အားနည်းလွဲချော်မှုများနှင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများကြောင့် မဲများရာ အနိုင်ရသည့် ဒီမိုကရေစီအာဏာရှင်စနစ်မျိုးဖြစ်ခဲ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့် ဆောင်ရွက်နိုင်စွမ်းမှာ ပါတီနိုင်ငံရေး ရင့်ကျက်တည်ငြိမ်မှု၏ အဓိကအကြောင်းရင်းဖြစ် ❜**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်မည့် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ချမှတ်၍ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ စစ်ဘက်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးစနစ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ အနိုင်ရရှိခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထိုအချိန်ကာလတွင် နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကောင်းများ ရရှိခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရေးခရီးလမ်းကို ဆက်လက်လျှောက်လှမ်းကြမည့် ပါတီစုံဒီမိုကရေစီအစိုးရများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံလမ်းကြောင်းအတိုင်း ပြည်သူများ၏ စားဝတ်နေရေးနှင့် လုံခြုံရေးကိုအာမခံ၍ ဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်ကိုက်ဆောင်ရွက်ကြပြီး ဒီမိုကရေစီအခြေခံအုတ်မြစ်များချမှတ်ကာ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ရေရှည်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အသားကျအောင် အခြေချတည်ဆောက်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အဆင့်လိုက် ရေရှည်ပြောင်းလဲ ဖော်ဆောင်ကြရမည်ဖြစ်သော်လည်း ဒီမိုကရေစီနိုင်ငံရေးအတွေ့အကြုံမရင့်ကျက်မီ နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံနှင့် Myanmar Egress ကဲ့သို့ ပြည်တွင်းအဖွဲ့အစည်းများ၏ အကြံပေးတိုက်တွန်းမှုအမျိုးမျိုးတို့အပြင် ပြည်ပနိုင်ငံကြီးများ၏အလိုကျ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ အမျိုးသားရင်ကြားစေ့ရေး စသည်ဖြင့် ကဏ္ဍစုံတွင် ယင်းတို့၏ ဩဇာလွှမ်းမိုးနိုင်ရေးအတွက် ဝင်ရောက်အခြေတည်ဆောင်ရွက်ခဲ့မှုများကြောင့် အချို့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်မတိုင်မီ ဆောလျင်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ဥပဒေပြုလွှတ်တော်များနှင့် အုပ်ချုပ်ရေးအစိုးရအဖွဲ့များအတွင်း သဘောထားကွဲလွဲမှုများနှင့် လွှတ်တော်တွင်း ဥပဒေပြုရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အားပြိုင်မှုများဖြစ်ပွားခဲ့ရသည်။ စည်းလုံးညီညွတ်ရေး ပျက်ပြားသည်သာမက ၁၀ နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်လျော့ပါးခဲ့ရသည့်အပြင် NLD အစိုးရလက်ထက်တွင် နိုင်ငံတော်၏လုံခြုံရေးနှင့် အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သည့် လူမျိုးရေးပြဿနာများမှ နိုင်ငံတကာတရားရုံး (ICJ) သို့ ရောက်ရှိခဲ့ရသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံကြီးအချို့ စွက်ဖက်ဆောင်ရွက်မှုများကြောင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အခက်အခဲဖြစ်စေမည့် မဲမသမာမှုဖြစ်စဉ်များဖြစ်ပွားခဲ့ရသည်။ NLD ပါတီသည် မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်များခေါ်ယူ၍ နိုင်ငံတော်အာဏာကို မတရားရယူလိုမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်တာဝန်ကို တပ်မတော်မှ လွှဲပြောင်းရယူဆောင်ရွက်ခဲ့ရသည်။ NLD ပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို ဒီမိုကရေစီနည်းလမ်းတကျ နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်ဆူပူသောင်းကျန်းသည့် နည်းလမ်းများဖြင့် ဖြေရှင်းခဲ့မှုများကြောင့် မြန်မာ့နိုင်ငံရေးခရီးလမ်းသည် ယနေ့ထိတိုင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ တိုက်ပွဲများနှင့်အတူ လျှောက်လှမ်းခဲ့ရပါသည်။

**လွှတ်တော်အတွင်း ဥပဒေပြုရာတွင် လွဲချော်အားနည်းမှုများရှိခဲ့**

ပါတီစုံဒီမိုကရေစီခေတ် (၂၀၁၀ – ၂၀၂၀ ပြည့်နှစ်) ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလများတွင် လွှတ်တော်ကိုယ်စားလှယ်အချို့အနေဖြင့် သဘောတရား၊ အယူဝါဒ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများနှင့် အရည်အချင်းပြည့်မီမှုလိုအပ်ချက်များကြောင့် လွှတ်တော်အတွင်း ဥပဒေပြုရာတွင် လွဲချော်အားနည်းမှုများရှိခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိသည့် ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ဥပဒေကြမ်းများကို လွှတ်တော်တွင် ဥပဒေပြုတင်သွင်းဆောင်ရွက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လစာ ၁၀ သိန်းကျပ်အထိ တိုးမြှင့်၍ နေ့စဉ်ထောက်ပံ့ကြေး ကျပ်တစ်သောင်းရရှိရန် ဆောင်ရွက်ခဲ့ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ နှစ်စဉ်ရယူကာ စည်းရုံးရေးလုပ်ငန်းများနှင့် ရောယှက်သုံးစွဲနိုင်ရန် ဥပဒေပြုခဲ့ခြင်း အပါအဝင် နိုင်ငံတော်သမ္မတက သဘောမတူခဲ့သည့် ဥပဒေပြဋ္ဌာန်းချက်များကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖြစ် ထည့်သွင်းအဓိပ္ပာယ် ဖွင့်ဆိုခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို စွပ်စွဲပြစ်တင်မှုများ ဆောင်ရွက်ခဲ့ပြီး လွှတ်တော်များအတွင်း အများဆန္ဒဖြင့် ဆုံးဖြတ်ခဲ့ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်ကြွယ်ဝမှုနှင့် သုံးသပ်ဆင်ခြင်နိုင်စွမ်းအပေါ် အားနည်းကြောင်း ပြသရာရောက်ခဲ့သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များဖြစ်သကဲ့သို့ ခုံရုံး၏ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အပြီးအပြတ် အတည်ဖြစ်သည့်အတွက် ထိုကိစ္စမှာ တရားစီရင်ရေးမဏ္ဍိုင်ကို ဥပဒေပြုလွှတ်တော်များက လွှမ်းမိုးစွက်ဖက်ခြင်းဖြစ်ခဲ့ရသည်။ Rule of Law ပျက်စီးစေခြင်း အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ရသည်။ တရားစီရင်ရေးဆုံးဖြတ်ချက်ကို ဥပဒေပြုအမတ်များက အမှန်အမှားမဲခွဲဆုံးဖြတ်ချက်မှာ မည်သည့်နိုင်ငံတွင်မှ အစဉ်အလာမရှိခဲ့သော ကြီးမားသည့် မှားယွင်းဆောင်ရွက်ချက်ဖြစ်ခဲ့ရသဖြင့် နိုင်ငံတကာ ဥပဒေပညာရှင်များက လွှတ်တော်ကိုယ်စားလှယ်များအား အထင်သေး အမြင်သေးဖြစ်ခဲ့ရသည်။ အချို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ဇယား (၁) ပြည်ထောင်စုဥပဒေပြု စာရင်းနှင့် ဇယား (၂) တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေပြု စာရင်း၊ ဇယား (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများကို သဲသဲကွဲကွဲ နားလည်မှုမရှိသောကြောင့် လွှတ်တော်များတွင် မေးခွန်းနှင့်အဖြေများ မေးမြန်းဆောင်ရွက်ရာတွင် မိမိလွှတ်တော်နှင့် မသက်ဆိုင်သောကိစ္စရပ်များကို မေးမြန်းတင်သွင်းခဲ့ခြင်းများလည်းရှိခဲ့သဖြင့် ဥပဒေပြုရမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေ၏အခြေခံသဘောတရားများနှင့် ပြည့်စုံလုံလောက်သော ပညာအရည်အချင်းများရှိရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ရသည်။ အထက်ပါဖြစ်စဉ်များကြောင့် ဒီမိုကရေစီအစိုးရ၏ ပထမအကြိမ်လွှတ်တော်များအတွင်း အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရနှင့် လွှတ်တော်များအကြား မကျေလည်မှုများဖြစ်ခဲ့ရကာ ပါတီစုံဒီမိုကရေစီစနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အဟန့်အတားများ ဖြစ်ပွားခဲ့ရပါသည်။

**တစ်ပါတီအာဏာရှင်ဆန်ဆန်ဖြစ်ခဲ့**

(၂၀၁၅ – ၂၀၂၀ ပြည့်နှစ်) ဒုတိယအကြိမ် လွှတ်တော်များတွင် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ရပ်/ကျေးဥပဒေများကို ပြင်ဆင်ခြင်း၊ ဧည့်စာရင်းဥပဒေ၊ နယ်ခြားစောင့်စစ်ဆေးရေးဥပဒေ၊ နောက်ယောင်ခံစောင့်ကြည့်ရေးဥပဒေ၊ အရေးပေါ်စီမံချက်ဥပဒေ၊ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရေးဥပဒေများကို အမြော်အမြင် နည်းပါးစွာဖြင့် ပယ်ဖျက်ခဲ့ကြသည်။ လူမျိုးရေးပဋိပက္ခများတွင် နိုင်ငံခြားသားအကြံပေးများဖြင့် မြန်မာနိုင်ငံ၏ အသက်တမျှအရေးကြီးသော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဖြစ်မှုဥပဒေကိုပါ ပြင်ဆင်ပယ်ဖျက်ရန်အထိ ကြိုးစားခဲ့ခြင်းကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ လွှတ်တော်များအတွင်း မဲခွဲဆုံးဖြတ်ရာတွင် တစ်ဦးတစ်ယောက်၏ ညွှန်ကြားချက်များအတိုင်း လက်ညှိုးထောင် ခေါင်းညိတ် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်းဖြင့် ဥပဒေပြုလွှတ်တော်များအတွင်း တစ်ပါတီအာဏာရှင်ဆန်ဆန်ဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရများလက်ထက် နိုင်ငံရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့် ဆောင်ရွက်ချက်များ အားနည်းခဲ့ရသဖြင့် ဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ပျက်ပြားခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့ရသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များလည်း လျော့ပါးခဲ့ရသည်။

မြန်မာ့နိုင်ငံရေး ခရီးတစ်လျှောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်များအတွင်း သဘောထားကွဲလွဲမှုများကြောင့်နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ရသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင်လည်း လွှတ်တော်များအတွင်း အားနည်းလွဲချော်မှုများနှင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများကြောင့် မဲများရာ အနိုင်ရသည့် ဒီမိုကရေစီအာဏာရှင်စနစ်မျိုးဖြစ်ခဲ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့်ဆောင်ရွက်နိုင်စွမ်းမှာ ပါတီနိုင်ငံရေး ရင့်ကျက်တည်ငြိမ်မှု၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်း၍ သတ်မှတ်ထားရှိပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဥပဒေပြုလွှတ်တော်ကို အမျိုးသားညီလာခံ (National Assembly) ဟုခေါ်ဆိုသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ ၂၀၁၇ ခုနှစ် ထိုင်းနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၇ အရ အောက်လွှတ်တော် (House Of Representatives) ၏ ကိုယ်စားလှယ်အရည်အချင်းမှာ မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်ရမည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက်(၂၅)နှစ်အောက် မငယ်သူဖြစ်ရမည်။ သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးပါတီတစ်ခု၏ ပါတီဝင်ဖြစ်ရမည်။ မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်လောင်းဖြစ်ပါက ဝင်ရောက်ယှဉ်ပြိုင်မည့်ခရိုင်တွင် မွေးဖွားသူဖြစ်ရမည်။ ယင်းခရိုင်တွင် အနည်းဆုံးငါးနှစ် တစ်ဆက်တည်းနေထိုင်လျက်ရှိသည့် အိမ်ထောင်စုဇယားရှိသူဖြစ်ရမည်။ ခရိုင်တစ်ခုခုရှိ တက္ကသိုလ်များတွင် အနည်းဆုံးငါးနှစ် တစ်ဆက်တည်း ပညာသင်ကြားဖူးသူဖြစ်ရမည်။ ယင်းခရိုင်ရှိ အစိုးရအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အစိုးရအဖွဲ့အစည်း အသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။ အထက်လွှတ်တော်(Senate) ၏ ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်မှာ မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်ရမည်။ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သို့မဟုတ် အလားတူဘွဲ့ထက်မနိမ့်သော ပညာအရည်အချင်းရှိသူဖြစ်ရမည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၄၀) အောက်မငယ်သူဖြစ်ရမည်။ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊ သက်ဆိုင်ရာနယ်ပယ်တွင် အသိပညာပြည့်ဝသူဖြစ်ရမည်။ သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဝင်ရောက်အရွေးခံမည့်ဒေသတွင် မွေးဖွားသူ သို့မဟုတ် အမြဲတမ်းနေထိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်သူဖြစ်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ကော့ကရိတ်မြို့နယ် နဘူး-နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်



ဘားအံ ဒီဇင်ဘာ ၂၈

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် နဘူး-နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်စသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နဘူးကျေးရွာ အောင်သိဒ္ဓိကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒကနှင့် မြို့နယ်သံဃနာယကအကျိုးတော်ဆောင်(ရွှေကျင်) ဆရာတော် ဘဒ္ဒန္တ သုမနတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားကာ ဆန်၊ ဆီစသည့် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို အောင်သိဒ္ဓိကျောင်းဓမ္မာရုံ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယာယီနေရပ်စွန့်ခွာသူများတွင် ကျောင်းနေအရွယ်များပါဝင်ပါက ပညာရေးနှောင့်နှေးမှု မဖြစ်စေရေး ရောက်ရှိနေရာတွင် ပညာသင်ကြားနိုင်အောင် စီမံဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားထားပြီးဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ရှိစေရန် အဖျက်အမှောင့်လုပ်ငန်းများကို ရည်ရွယ်ဆောင်ရွက်သူများအနေဖြင့် ကောင်းကျိုးချမ်းသာကို ရရှိခံစားရမည်မဟုတ်ဘဲ မိမိနေရပ် မိမိဒေသတည်ငြိမ်အေးချမ်းစေရန် မိဘပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကဲ့သို့ယာယီပြောင်းရွှေ့နေထိုင်ရခြင်းသည် အခိုက်အတန့်တစ်ခုသာဖြစ်ပြီး မူလဒေသတွင် ပြန်လည်နေထိုင်နိုင်ရေး အေးချမ်းတည်ငြိမ်မှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ မကြာမီ အိမ်ပြန်ကြရမည်ဖြစ်ကြောင်း၊ ယာယီပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်း လိုအပ်သည့်ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချင်းချင်းရိုင်းပင်းကူညီ၍ ကျန်းကျန်းမာမာ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ကြစေလိုကာ ငြိမ်းချမ်းရန်အတွက် ဆုတောင်းမေတ္တာများ ပို့သပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဘူး-နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာ အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီတစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၃၅၇ စုအတွက် ဆန် ၂၄ ပြည်အိတ် ၉၀ ၊ ခေါက်ဆွဲခြောက်ဖာ ၉၀၊ ဆီပိဿာ ၁၈၀ တို့ကို ထောက်ပံ့ပေးအပ်ကာ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နဘူးတိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်လာမှုအခြေအနေများကို တွေ့ဆုံမေးမြန်းအားပေးစကားပြောကြားပြီး ကြက်ဥ၊ ကွေကာအုပ်စသည့် အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နဘူးတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီး၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အထွေထွေအသုံးစရိတ်ငွေကျပ်သုံးသိန်းကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်း ပေးအပ်

စစ်တွေ ဒီဇင်ဘာ ၂၈

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အထွေထွေရောဂါကုဆေးရုံကြီး၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လိုအပ်သောကျန်းမာရေးစစ်ဆေးမှုများပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းမဟာပညာကျော်ခန်းမ၌ ကျင်းပသည့် စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက လက်ခံရယူပြီး ဆရာတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# မန္တလေးနှင့် ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်သားပေါက် သုံးကောင်တွေ့ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

မန္တလေးတွင် ရေလုပ်သား နှစ်ဦး ငါးဖမ်းထွက်စဉ် ဧရာဝတီလင်းပိုင်သားပေါက်သုံးကောင်ကို တွေ့ရှိခဲ့ကြောင်း ကာယကံရှင် ရေလုပ်သားနှင့် ပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မန္တလေးနှင့် ကျောက်မြောင်းကြားတွင် ဒီဇင်ဘာ ၂၁ ရက်က ငါးဖမ်းစဉ် ယင်းသို့တွေ့ရှိခဲ့ခြင်းဖြစ်ကာ တစ်တောင်နီးပါး အရွယ်သားပေါက်ငယ်တစ်ကောင်နှင့် နှစ်တောင်နီးပါးအရွယ်ခန့်ရှိ သားပေါက်ငယ်နှစ်ကောင်ဖြစ်ကြောင်း အဆိုပါ ရေလုပ်သားနှစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးအောင်သင်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသနှင့် ရွှေဘိုကျောက်မြောင်းတွင် ဧရာဝတီမြစ်အတွင်း နိုင်ငံခြားသားခရီးသွားများ ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်း၌ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်းရှင်များအသင်းနှင့် ရေလုပ်ငန်းရှင်တစ်ဦးတို့ပူးပေါင်း၍ ခရီးသွားရာသီတွင် လင်းပိုင်နှင့် သဘာဝအလှကို ချစ်မြတ်နိုးသည့် နိုင်ငံခြားသားခရီးသွားများ ကြည့်ရှုလေ့လာနိုင်ရန် ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ရေးဆွဲဆောင်ရွက်နေကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမှုမရှိစေရန် ငါးလုပ်ငန်းဦးစီးဌာနက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြစ်အတွင်း ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ မျှောပိုက်ချခြင်းတို့မှ လင်းပိုင်များ ထိခိုက်သေဆုံးမှုမရှိစေရန် ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် အသိပညာပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MT

# တာချီလိတ်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၌ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ (ရန်အောင်မြေ)၌ ကျင်းပသည်။

ဦးစွာ အထကခွဲ(ရန်အောင်မြေ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ ငါးဦးက "လူငယ်နှင့်အောင်မြင်ရေး"၊ "လူငယ်နှင့်စာဖတ်ခြင်း"၊ "လူငယ်နှင့်ပညာရေး"၊ "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"၊ "လူငယ်နှင့် ကျန်းမာရေး"စသည့် ခေါင်းစဉ်များဖြင့်ဆွေးနွေးရာ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသောမေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ဖြေကြားပေးပြီး လူငယ်အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်၌ ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့သည့် ဥပ္ပါတသန္တိပရိတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းနှင့် ကချင်ပြည်နယ်အတွင်း ဘေးဥပဒ်အန္တရာယ် အမျိုးမျိုးကင်းရှင်း၍ ကောင်းခြင်းမင်္ဂလာ စီးပွားချမ်းသာ တိုးတက်စေရန် ရည်သန်လျက် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်၌ ဒီဇင်ဘာ ၁၈ ရက်မှ စတင်၍ ၁၀ ရက်တိုင် ကျင်းပခဲ့သည့် ဥပ္ပါတသန္တိပရိတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီက အဆိုပါ ဗိမာန်တော်၌ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ခေမာသီဝံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှုးပြုသော နာယက၊ ဘာဏကသံဃာတော် ၁၈ ပါးတို့ထံမှ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက ဥပ္ပါတသန္တိပရိတ်ဒေသနာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# (၃၇)ကြိမ်မြောက် သာမဏေကျော်လင်္ကာရစာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် သီလရှင်များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်နှင့် ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံတို့တွင် ပရိယတ္တိသဒ္ဓမ္မ ရက္ခိတ(ပဲခူး) အသင်းကြီးမှ ကြီးမှူးကျင်းပသည့် (၃၇)ကြိမ်မြောက် သာမဏေကျော်လင်္ကာရစာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် သီလရှင်များအား ဒီဇင်ဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။




ဦးစွာ ကြီးကြပ်ဆရာတော်များ၊ စာဖြေသံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး သံဃာတော်များနှင့် သီလရှင်များ စာဖြေနေမှုအား လိုက်လံကြည့်ရှု ကြည်ညိုခဲ့ကြသည်။

အဆိုပါ (၃၇)ကြိမ်မြောက် သာမဏေကျော် လင်္ကာရစာမေးပွဲကြီးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်ဖြေဆိုရန်အတွက် သံဃာတော်နှင့် သီလရှင် အပါး ၁၆၄၀ စာရင်းသွင်းထားရှိပြီး ဗုဒ္ဓအသံ ဓမ္မဗိမာန် (အပေါ်ထပ်/အောက်ထပ်)နှင့် ရွှေမော်ဓော စေတီတော်ရင်ပြင်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံတို့တွင် ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဝိနည်းမဟာဝါ၊ အင်္ဂုတ္တိုရ်၊ ဓမ္မပဒဘာသာရပ်တို့အား ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ဟူ၍ ခွဲခြားကာ ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် (၉၈)ကြိမ်မြောက် ရွှေသာလျောင်းဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲ အထိမ်းအမှတ်အနေဖြင့် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်များ၊ စေတနာရှင် အလှူရှင်များနှင့် အတူ ဆွမ်းဆန်တော်၊ နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၉၈)ကြိမ်မြောက် ရွှေသာလျောင်း ဗုဒ္ဓပူဇနီယပွဲတော်အား ဒီဇင်ဘာ ၂၀ မှ ၂၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် နေ့ညမပြတ် ဘုရားဖူးလာ ပြည်သူများ၊ ဈေးဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းရယ်မြို့နယ်၌ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်

**မိုင်းရယ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တောင်းသူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကောင်းမောင်ကျေးရွာအုပ်စု နမ့်တုံး(ရှမ်း)ရွာ ကျေးရွာစုပေါင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က ပုံစံ(၇)လျှောက်ထားခြင်းဆိုင်ရာ နည်းလမ်းများ၊ ပုံစံ(၇) လက်မှတ်ရရှိထားပါက မိရိုးဖလာအလုပ်အကိုင်များ တရားဝင်ဖြစ်လာစေမှုနှင့် ဘဏ်ချေးငွေများ ရယူရာတွင် ပိုင်ဆိုင်မှုအထောက်အထားပြ၍ ချေးငွေရယူနိုင်မည့်နည်းလမ်းများနှင့် အခြားရရှိနိုင်မည့် အခွင့်အရေးများ၊ လျှောက်ထားရန်ကျန်ရှိသည့် လယ်ယာမြေများကိုလည်း တရားဝင်လျှောက်ထားနိုင်ရေးတို့ကို တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်က ပြည်သူလူထုများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို ပုံစံ(၇) လျှောက်ထားရမည့်ပုံစံနှင့် လျှောက်ထားနည်းလုပ်ငန်းအဆင့်ဆင့်၊ အခွင့်အရေးများနှင့် စည်းကမ်းများကို မြန်မာ၊ ရှမ်း နှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ကောင်းမောင်ကျေးရွာအုပ်စုနှင့် နားဖျိုင်းကျေးရွာအုပ်စုတို့မှ တောင်သူ ၂၉ ဦး၊ ဦးပိုင်ပေါင်း ၃၃ ဦး၊ လယ်ယာမြေဧရိယာစုစုပေါင်း ၂၄၆ ဒသမ ၈၉ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို တောင်သူများထံ ပေးအပ်ခဲ့သည်။

မိုင်းရယ်မြို့နယ်၌ ယနေ့အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များကို ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ဦးပိုင်ပေါင်း ၅၃၄၇ ဦး၊ လယ်ယာမြေဧရိယာ ၁၆၄၀၂ ဒသမ ၆၄ ဧက ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ပြည်ကြီးချမ်းသာမဟာစေတီတော် (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၌ တည်ရှိသော ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီတော်) (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက ယင်းစေတီတော် တောင်ဘက်မုခ်ဦးတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ စေတီတော်ဘဏ္ဍာတော်ထိန်း(ဂေါပကအဖွဲ့)ဥက္ကဋ္ဌ ဦးဖြိုးမင်းအေးတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။



နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီရန် အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာရွှေပြည်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးတင်ထွန်းနိုင်၊ မြို့ဦးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမင်းအေး၊ မြို့နယ်သာသနာရေးမှူး ဦးမြင့်ဇော်၊ တောင်ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပထမနေ့အဖြစ် မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံထွက်ခဲ့ကြသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီး ၁၂ ပါးတို့က ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်၍ အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ်ကြီးကို ဆက်လက်ရွတ်ဖတ်တော်မူကြမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယအောင်ပွဲအဖြစ် စေတီတော်ရင်ပြင်ပေါ်၌ ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီတွင် မြတ်စွာဘုရားအမှူးပြု၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၅၆ ကျောင်းမှ ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းတင်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်
နံနက်စောစောလမ်းလျှောက်ပေးပါ

# ကမ္ဘာတစ်ဝန်းငြိမ်းချမ်းဖို့ ပူးပေါင်းပါဝင်ကြပါ .....

**လွင်လွင်**

> **“ အကြမ်းဖက်လုပ်ရပ်မှာ လူအများအတွင်း၊ နိုင်ငံအတွင်းနှင့် နိုင်ငံတကာကပါ လက်မခံသောလုပ်ရပ်ဖြစ်သည်။ နိုင်ငံအတွင်း အကြမ်းဖက်မှုများမရှိမှသာလျှင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်ကြောင့် အဓိကခံရသူမြေစာပင်များမှာ လူငယ်လူရွယ်များပင်ဖြစ်သည်။ လူငယ်များ အသိအမြင်မလွဲမှားစေရန် ပညာရေးသည် အဓိကအခန်းကဏ္ဍဖြစ်ရာ ပညာသင်ကြားရေးတွင် အဟန့်အတားဖြစ်သည်မှာ နိုင်ငံရေးမတည်ငြိမ်မှုပင်ဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်ရန် အကြမ်းဖက်လုပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့အား တားဆီးရန်ပင်ဖြစ် ”**

မြန်မာနိုင်ငံ၌ ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုဖြစ်ပွားပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏အာဏာကို ထိန်းသိမ်းပြီးချိန်နောက်ပိုင်း မြန်မာနိုင်ငံအတွင်းရှိ ဒီမိုကရေစီအမည်ခံ အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုမှာ ရုပ်လုံးပေါ်လာခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူအများအပြားကို အွန်လိုင်းမှတစ်ဆင့် စည်းရုံးသိမ်းသွင်းကာ လက်နက်ကိုင်အကြမ်းဖက်ရန်နှင့် ပြည်သူအချင်းချင်း ငါနှင့်မတူငါ့ရန်သူအဖြစ် သတ်မှတ်ကာ အချင်းချင်း အကြမ်းဖက်သတ်ဖြတ်ရန် လှုံ့ဆော်ခဲ့သည်။ အကြမ်းဖက်မှုတွင် ဓားစာခံဖြစ်၍ အသက်ဆုံးရှုံးရသူများအနက် သာမန်ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ အများဆုံးပါဝင်သည်။

အကြမ်းဖက်ရန် လှုံ့ဆော်သူအများစုမှာ မဲမသမာမှုတွင် ပါဝင်ပတ်သက်သူများနှင့် Social Media အသုံးချပြီး နိုင်ငံရေးအမြတ်ထုတ်ရာတွင် ပူးပေါင်းပါဝင်ခဲ့သည့် Social Media Cele များပင်ဖြစ်သည်။ ယခုလက်ရှိ ကမ္ဘာတွင် ရင်ဆိုင်နေရသည့် ဒီမိုကရေစီဖော်ဆောင်ရာ၌ တွေ့ကြုံနေရသည့် အတားအဆီးလည်းဖြစ်သည်။

**အကြမ်းဖက်မှုများကို ကြိုးကိုင်နေသူများ**

အထူးသဖြင့် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုများကို ကြိုးကိုင်နေသူများမှာ အနောက်နိုင်ငံများတွင် အခြေကျကာ နိုင်ငံတကာ၏ အထောက်အပံ့များဖြင့် ကြွယ်ဝချမ်းသာနေသည့် CRPH/NUG အမည်ခံအကြမ်းဖက်အဖွဲ့ဖြစ်သည်။ CRPH /NUG ၏ ဒီမိုကရေစီအယောင်ပြစနစ်သည် နိုင်ငံရေး မဲမသမာမှုကို ယဉ်ကျေးမှုစံနှုန်းနှင့်အညီ နိုင်ငံရေးအရမဖြေရှင်းဘဲ အကြမ်းဖက်ခြင်းမှတစ်ဆင့် ပြည်သူတချို့နှင့် နိုင်ငံ့ဝန်ထမ်းတချို့ကို သွေးထိုးလှုံ့ဆော်ကာ PDF အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းပြီး အချင်းချင်းသတ်ဖြတ်စေလျက်ရှိသည်။

နိုင်ငံရေးအမြတ်ထုတ်သူများ၏ စကားနားယောင်ကာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထဲသို့ လိုက်သွားခဲ့သည့်သူများအနက် လက်နက်ချပြန်လည်ဝင်ရောက်လိုသူများအား နိုင်ငံတော်အစိုးရက လက်ခံကြိုဆိုလျက်ရှိသည်။ တချို့မှာ လက်နက်ချ၍ သာမန်ပြည်သူအနေဖြင့် ပြန်လည်ဝင်ရောက်လိုသော်လည်း အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် ဝင်ရောက်ရန်မဖြစ်နိုင်ကာ နိုင်ငံရေးအသုံးချခံသားကောင်များ ဖြစ်သွားကြသည်။

**နိုင်ငံရေးသားကောင်အဖြစ် အသုံးချခံရသူများ အများအပြားရှိ**

မိသားစုတစ်စု၏ ပြောပြချက်အရ အဆိုပါမိသားစု၏ အိမ်ထောင်ဦးစီးနှင့် သားဖြစ်သူ အထက်တန်းတက်နေဆဲ ကျောင်းသားတစ်ဦးသည် အကြမ်းဖက်အဖွဲ့၏ အသုံးချခံရပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုတို့ ဖြစ်ပွားသည့်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်စေခဲ့ရာ အဆိုပါလူငယ်မှာ သေနတ်မှန်သေဆုံးသွားခဲ့သည်။ ဖခင်ဖြစ်သူမှာ သားသေဆုံးသွား၍ စိတ်မကောင်းဖြစ်ကာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်မှုများကို လက်မခံနိုင်သည့်အတွက် နိုင်ငံတော်အစိုးရထံ လက်နက်ချဝင်ရောက်ရန် မိသားစုဝင်မှတစ်ဆင့် ဆက်သွယ်ပြောကြားပေးစေခဲ့သည်။ သို့ရာတွင် သူ၏စိတ်ကူးကို အကောင်အထည်မဖော်နိုင်ခဲ့ပါ။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကြိုတင်သိရှိသွားပြီး သေနတ်ဖြင့် ပစ်သတ်ခြင်းခံခဲ့ရသည်။ မိသားစုအား ထိုသူ၏ သေနတ်မှန် Dead Body အား တိတ်တဆိတ် ပြန်လည်ကောက်ယူရန် အကြောင်းကြားလာခဲ့ပါသည်။ ကျန်ရှိသည့် မိသားစုဝင်များမှာ အကြမ်းဖက်အဖွဲ့၏လုပ်ကြံသတ်ဖြတ်မှုမခံရစေရန် တိတ်တဆိတ်ငိုကြွေးရုံမှတစ်ပါး မတတ်နိုင်ခဲ့ပါ။ ထိုဖြစ်ရပ်ထက်ဆိုးရွားစွာ နိုင်ငံရေးသားကောင်အဖြစ် အသုံးချခံရသူများမှာ အများအပြားပင်ရှိသည်။

**အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်**

ယခုအခါ CRPH /NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် အကြမ်းဖက်မှုကျူးလွန်သည့် အဖွဲ့အစည်းသက်သက်သာဖြစ်ကြောင်း နိုင်ငံတွင်း ပြည်သူများသာမက နိုင်ငံတကာအဖွဲ့အစည်းများပါ သိမြင်လာခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် CRPH/ NUG နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား လက်နက်ကိုင်အကြမ်းဖက်မှုတွင် ငွေအင်အားအများဆုံး ထောက်ပံ့ပေးသော အမေရိကန်နိုင်ငံကပင် PDF အဖွဲ့အား အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်လက်ခံလာခဲ့ပြီဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက “၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက် အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ (Country Reports on Terrorism 2022)” ကို ၃၀-၁၁-၂၀၂၃ ရက်နေ့ညပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုဖြစ်စဉ်တွင် အဓိကတရားခံများမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့၊ ချင်းအကြမ်းဖက်အဖွဲ့ (CDF)၊ ကရင်နီတိုင်းရင်းသားများ ကာကွယ်ရေးတပ်ဖွဲ့ (KNDF)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)တို့ ပါဝင်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

မြေပြင်အချက်အလက်များအရ မြန်မာနိုင်ငံအတွင်း၌ အကြမ်းဖက်မှုရာနှင့်ချီ၍ဖြစ်ပွားခဲ့သော်လည်း အစီရင်ခံစာအရ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားမှု ၃၉၁ မှုရှိကြောင်း၊ သေဆုံးသူစုစုပေါင်း ၂၀၃၀ ရှိကြောင်း ဖော်ပြထားပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှုဖြစ်စဉ်တွင် ၁၀ ရာခိုင်နှုန်းနှင့် သေဆုံးမှုတွင် ၅၀ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ဖော်ပြထားသည်။

PDF အကြမ်းဖက်သမားများ၏ ဆိုးရွားသော အဖျက်လုပ်ရပ်များတွင် အပြစ်မဲ့အရပ်သားများ၊ လက်နက်မဲ့ ကျေးရွာ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များကို သတ်ဖြတ်ခြင်းများ ပါဝင်သည်။

**ပညာရေးသည် အဓိကအခန်းကဏ္ဍဖြစ်**

အကြမ်းဖက်လုပ်ရပ်မှာ လူအများအတွင်း၊ နိုင်ငံအတွင်းနှင့် နိုင်ငံတကာကပါ လက်မခံသောလုပ်ရပ်ဖြစ်သည်။ နိုင်ငံအတွင်း အကြမ်းဖက်မှုများမရှိမှသာလျှင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်ကြောင့် အဓိကခံရသူမြေစာပင်များမှာ လူငယ်လူရွယ်များပင်ဖြစ်သည်။ လူငယ်များ အသိအမြင်မလွဲမှားစေရန် ပညာရေးသည် အဓိကအခန်းကဏ္ဍဖြစ်ရာ ပညာသင်ကြားရေးတွင် အဟန့်အတားဖြစ်သည်မှာ နိုင်ငံရေးမတည်ငြိမ်မှုပင်ဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်ရန် အကြမ်းဖက်လုပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့အား တားဆီးရန်ပင်ဖြစ်သည်။ ထိုသို့တားဆီးနှိမ်နင်းရာတွင် နိုင်ငံတကာအဖွဲ့များနှင့် အိမ်နီးချင်းနိုင်ငံများကလည်း ပူးပေါင်းပါဝင် ရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ဆက်ဆံနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအပေါ် မည်သည့်သဘောထားမူဝါဒဖြင့် ဆက်ဆံစေကာမူ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရပ်တည်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တစ်ဖက်တွင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန် အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အာဆီယံ ကွန်ဗင်းရှင်းတို့နှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားတစ်ဖက်တွင်လည်း နိုင်ငံရေးအရ မျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့် နိုင်ငံတော်နှင့် ပြည်သူ့ကောင်းကျိုးကို အမှန်တကယ်လိုလားသော ပြည်သူ့ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်လာစေရန် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်သူအားလုံးပါဝင်သည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ထိုသို့ကြိုးပမ်းချက်များကို အလေးထားဂရုပြုလျက် နိုင်ငံတော်အပေါ် အပြုသဘောဆောင်သော ရပ်တည်ချက်ဖြင့် ကမ္ဘာတစ်ဝန်းအေးချမ်းသာယာဖွံ့ဖြိုးနိုင်ရန် ငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။ ။

> **“ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တစ်ဖက်တွင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန် အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အာဆီယံ ကွန်ဗင်းရှင်းတို့နှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ ”**

## လက်ရှိတွင် ကြက်သွန်နီဈေးကွက်ငြိမ်နေပြီး တောင်သူများက နွေကြက်သွန်ကိုအားထားနေ



ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း ကြက်သွန်နီဈေးကွက်မှာ တည်ငြိမ်နေပြီး နွေကြက်သွန်ကို အားထားနေရကြောင်း ကြက်သွန်နီစိုက်တောင်သူများနှင့် ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

“၂၀၂၂ ခုနှစ်ကလည်း ဒီလိုပဲ၊ အစောပိုင်းက မြစ်သားထဲက ကျပ်၂၈၀၀ မှ ၃၀၀၀ ကြားလောက်ရှိတယ်။ ဒီနှစ်လည်း ပစ္စည်းတွေဈေးတက်ပေမယ့် ဈေးနှုန်းကငြိမ်ပြီး ပြန်ကျသွားတာပါ” ဟု ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။ လက်ရှိတွင် မိုးကြက်သွန်အနေဖြင့် မြစ်သားတစ်ပိဿာလျှင် ဈေးနှုန်း ကျပ် ၂၅၀၀ မှ ၂၆၀၀ ကြားရှိပြီး လက်လီအရောင်းဆိုင်များတွင် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၄၀၀၀ အထိ ဈေးနှုန်းရှိနေကြောင်း သိရသည်။

“အဓိကက တပေါင်း၊ တန်ခူးပေါ်တဲ့ နွေကြက်သွန်ကို အားပြုနေရတယ်။ ဒီနှစ် နွေကြက်သွန်က စိုက်ပျိုးပြီးခါစပဲရှိတယ်။ တချို့အရာတွေကတော့ မှန်းလို့မရသေးဘူး”ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ဆိုသည်။ လက်ရှိကြက်သွန်စိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ ခန့်ရှိကြောင်း သိရသည်။ **သစ်တော်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး မိုင်းခတ်မြို့နယ် မိုင်းနွူန်းနှီးဘုရားအား သွားရောက်ဖူးမြော်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ကျိုင်းတုံ ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းနွူန်းကျေးရွာရှိ မိုင်းနွူန်းဆုတောင်းပြည့်နှီးဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး မိုင်းနွူန်းဆရာတော်အား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်ခုတ်ကျေးရွာ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေဖြန့်ဝေပေးမှုနှင့် တောင်သူဦးစိုင်းရှုန်၏ ဆောင်းသီးနှံစံပြကြက်သွန်ဖြူစိုက်ခင်းအား ကြည့်ရှုပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများအား ဓာတ်မြေဩဇာနှင့်စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်ခုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျိုင်းပင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းစာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းခတ် - မိုင်းနွူန်း - ကြက်ဥတောင် - မိုင်းပေါက်ဆက်သွယ်ထားသည့် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများကရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

မုံရွာ ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာသူများမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော စည်ပင်သာယာရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်



ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသော စည်ပင်သာယာရေးအသင်းမှ အားကစားသမားအား ဆုတံဆိပ်နှင့်ငွေသားဆုအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်က အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိကြသော အားကစားသမားများအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော လူမှုရေးရာ-၁ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တတိယဆုရရှိသော စီးပွား၊ တိုင်းရင်းသား၊ ဥပဒေအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အားကစားသမားအား ဆုတံဆိပ်နှင့်ငွေသားဆုအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် တတိယဆုရရှိသော စီးပွား၊ တိုင်းရင်းသား၊ ဥပဒေအသင်းမှ အားကစားသမားအား ဆုတံဆိပ်နှင့်ငွေသားဆု၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် တတိယဆုရရှိသော လူမှုရေးရာ-၂ အသင်းမှ အားကစားသမားအား ဆုတံဆိပ်နှင့်ငွေသားဆု၊ တိုင်းဒေသကြီး ဥပဒေချုပ်က အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် တတိယဆုရရှိသော စည်ပင်သာယာရေးအသင်းမှ အားကစားသမားအား ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၈

အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမျိုးသားရေဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံအတွင်းတွင်ရှိသည့် ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးဆောင်ရွက်ရန် လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အားလုံးပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ အတွင်းရေးမှူးက အမျိုးသားရေဥပဒေမူကြမ်း ရေးဆွဲရေးအတွက်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနအဖွဲ့အစည်းများမှ Task Force အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက အမျိုးသားရေဥပဒေမူကြမ်းနှင့် အမျိုးသားရေဥပဒေ ပြုစုရေးလုပ်ငန်းများ၊ ပံ့ပိုးဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

❂ **မန်စီးတီးအသင်းမှ**

မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဖီးလ်ဖိုဒန်ဟာ အခုဘောလုံးရာသီမှာ သွင်းဂိုး ကိုးဂိုးအထိရှိလာခဲ့ပြီဖြစ်ပြီး မန်စီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်ဖလားကို လေးကြိမ်မြောက်ဆွတ်ခူးနိုင်ဖို့ ရည်ရွယ်ထားတာလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကတစ်ရာသီအတွင်း ဆုဖလားသုံးလုံးရယူဆွတ်ခူးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက် ဆော်ဒီအာရေဗျမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆုဖလားဆွတ်ခူးနိုင်ခဲ့တာကြောင့် ၂၀၂၃ ခုနှစ်အတွင်း ဆုဖလားငါးလုံးအထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

`မန်စီးတီးအသင်းအနေနဲ့ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် ၄ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး အဲဗာတန်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့လို့ မန်စီးတီးအသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ တွေ့ဆုံမှု ၂၂ ကြိမ်မှာ နိုင်ပွဲလုံးဝမရရှိခဲ့သလို လက်ရှိအချိန်မှာလည်း အဆင့် ၁၇ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဘားအံမြို့တွင်းနှင့် မော်လမြိုင်မြို့တွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်မွမ်းမံမှုနှင့် အသစ်တိုးချဲ့ရေးဆွဲစိုက်ထူထားရှိမှု မြေပြင်ကွင်းဆင်း စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကရင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်လည်းကောင်း သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမများ၌ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် တက်ရောက်အမှာစကားပြောကြားသည်။



**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ ကရင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဝင်းကျော်နိုင်၊ မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Road Safety Audit အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာန/အဖွဲ့များအနေဖြင့် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သည် အိမ်နီးချင်းနိုင်ငံနှင့်နယ်နိမိတ်ထိစပ်လျက်ရှိသည့် ပြည်နယ်များဖြစ်ခြင်း၊ ရှည်လျားသည့် အဓိကပြည်ထောင်စုလမ်းမကြီးများ ပါဝင်နေခြင်း၊ တောတောင်ရေမြေသဘာဝ အလိုက်လမ်းများ ဖောက်လုပ်ထားခြင်းတို့ကြောင့် ခရိုင်/ မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြရန်၊ စစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံ၍ လိုအပ်သည့် ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ် မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ယခုအခါ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကုန်ဆုံးတော့မည်ဖြစ်၍ ခွင့်ပြုဘဏ္ဍာငွေများကို အချိန်မီထိရောက်အကျိုးရှိစွာအသုံးချပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်သွားလာမှုအင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သုံးသပ်ဖော်ထုတ်ချက်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများနှင့် လမ်းညွှန်းလမ်းအမှတ်အသားများ ရေးဆွဲစိုက်ထူရေးဆိုင်ရာ အကြံပြုချက်များအားလည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း PowerPoint Presentation ဖြင့် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ သုံးသပ်ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးများအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် အစည်းအဝေးတက်ရောက်လာကြသူများ၊ တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့အတွင်းနှင့် မော်လမြိုင်မြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး တွေ့ရှိချက်များအပေါ် သုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်နှင့် ယနေ့တို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၄၁ ပါးတို့ကို အဆိုပါမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀)နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၆၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၁ ပါးနှင့် ဒေသခံပြည်သူ ၃၂ ဦးတို့ကို အဆိုပါရပ်ကွက်ကြီးရှိ ရွှေစေတီရိပ်သာခွဲ၊ ဇယန်း၊ နမ့်ဆမ်၊ သာသနာ့ရက္ခိတ သီလရှင်စာသင်တိုက်၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗွီခါတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Naypyitaw State Academy
# အခြေခံသုတေသနနည်းစနစ်များဆိုင်ရာ ဟောပြောပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကျောင်းသား ကျောင်းသူများအတွက်သုတေသနနည်းလမ်းများကို စနစ်တကျနားလည်သိရှိစေရန်နှင့် အသုံးချသုတေသနများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အခြေခံသုတေသနနည်းစနစ်များဆိုင်ရာ ဟောပြောပို့ချပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် Naypyitaw State Academy စာရင်းအင်းပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ယဉ်ယဉ်ဝင့်က ဟောပြောပို့ချမည့် ဆရာကြီး ဒေါက်တာ စိုးဝင်း၏ ကိုယ်ရေးအကျဉ်းကို မိတ်ဆက်ဖတ်ကြားပြီး ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အခြေခံသုတေသန နည်းစနစ်များ (Research Methodology) ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲ အပြီးတွင် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ နုနုလွင်က ဆရာကြီး ဒေါက်တာစိုးဝင်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဇန်းမော်မြို့နယ် မြောက်ပိုင်းရော်ဘာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်မှ ရော်ဘာပြားများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိ

**ဇန်းမော် ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ် မြောက်ပိုင်းရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာတွင် စက်ရုံတည်နေရာထား၍ ရော်ဘာပြားများ ထုတ်လုပ်လျက်ရှိသည်။

ရော်ဘာစေးများအား ကုန်းတိမ်ကျေးရွာနှင့် အနီးအနားကျေးရွာများရှိ ရော်ဘာစိုက်ပျိုးသူများထံမှ ဝယ်ယူပြီး ဖော်မင်းအက်စစ်နှင့် ရော်ဘာစေးများအား အချိုးကျရော၍ ခဲထားခြင်း၊ ကြိတ်ခြင်းများ ပြုလုပ်သည်။ ထို့နောက် ကြိတ်ပြီးသော ရော်ဘာပြားများအား သုံးရက်နေလှန်းပြီး လေးရက်မှိုင်းခံခြင်းများ ဆောင်ရွက်ရာ တစ်ရက်လျှင် ရော်ဘာပေါင် ၂၂၀ မှ ၂၃၅ ကြားနှုန်းဖြင့် တစ်လလျှင် ပေါင် ၆၅၀၀ မှ ပေါင် ၇၀၀၀ ကြားထုတ်လုပ်နိုင်ပြီး တစ်ထုပ်လျှင် ပေါင် ၁၁၀ နှုန်းဖြင့် ၆၅ ထုပ်မှ ၇၀ ထုပ်ကြားရရှိသည်။ ထွက်ရှိလာသော ရော်ဘာပြားများအား ပြည်တွင်းသာမက ပြည်ပအထိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ရုရှား-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**မော်စကို ဒီဇင်ဘာ ၂၈**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လက်ဗရော့ဗ်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး Subrahmanyam Jaishankar တို့သည် ဒီဇင်ဘာ ၂၇ ရက်တွင် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ၎င်းတို့အကြား ခေတ်မီလက်နက်များ ပူးတွဲထုတ်လုပ်ရေး အပါအဝင် စစ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

**သဘောတူညီခဲ့ကြ**

ရုရှားနှင့် အိန္ဒိယတို့သည် ကုန်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းအောင် လုပ်ဆောင်ရန် သဘောတူညီခဲ့ကြပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုဖြင့် တည်ဆောက်ထားကာ ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုမှ ကင်းလွတ်စေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း လက်ဗရော့ဗ်က ထပ်လောင်း ပြောကြားသည်။

ရုရှားနှင့် အိန္ဒိယကြား နှစ်နိုင်ငံကုန်သွယ်မှုသည် လက်ရှိတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ကျော်အထိ မျှော်မှန်းထားကြောင်း Jaishankar က မှတ်ချက်ပြုခဲ့သည်။ အထူးသဖြင့် ဟိုက်ဒရိုကာဗွန်တင်ပို့မှုနှင့် နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုခြင်းနှင့် ပတ်သက်၍ နှစ်နိုင်ငံစလုံး စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို ဆွေးနွေးခဲ့ကြောင်း လက်ဗရော့ဗ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ လာမည့်နှစ် အစောပိုင်းတွင် အမေရိကန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်လျက်ရှိ



**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် လာမည့်နှစ် အစောပိုင်းတွင် အမေရိကန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ကီရှီဒါ၏ တရားဝင်ခရီးစဉ်အတွက် အစိုးရနှစ်ရပ်က စီစဉ်မှုများပြုလုပ်နေသည်ဟု အစိုးရသတင်းရင်းမြစ်များက ဆိုသည်။

**မိန့်ခွန်းပြောရန် စီစဉ်လျက်ရှိ**

ထို့ပြင် ကီရှီဒါသည် အမေရိကန်အထက်လွှတ်တော်၌ မိန့်ခွန်းပြောရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

ပြီးခဲ့သည့်နိုဝင်ဘာလတွင် ကီရှီဒါ၏ အမေရိကန်ခရီးစဉ်အတွင်း သမ္မတဂျိုးဘိုင်ဒင်က လာမည့်နှစ်အစောပိုင်းတွင် နိုင်ငံတော် ဧည့်သည်အဖြစ် တရားဝင်လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ နိုင်ငံတော် ဧည့်သည်တော်အဖြစ် တရားဝင် လာရောက်လည်ပတ်ခဲ့ပြီးနောက် ကီရှီဒါသည် ကိုးနှစ်အတွင်း ပထမဆုံး နိုင်ငံတော်ဧည့်သည်အဖြစ် အမေရိကန်နိုင်ငံသို့ တရားဝင်လာရောက်ရန် ဖိတ်ကြားခြင်းခံရသည့် ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာသည်။

**စတင်ဆောင်ရွက်လျက်ရှိ**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် ကျင်းပမည့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲအတွက် အစီအစဉ်များ စတင်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံစလုံးနှင့် နိုင်ငံရေးအရ ကွဲပြားသည်။ တိုကျိုသည် နိုင်ငံသုံးနိုင်ငံကြား ဆွေးနွေးမှုမူဘောင်ကို အသုံးပြုပြီး မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည် အကြိမ်ကြိမ်ပစ်လွှတ်ခဲ့သည့်အပေါ် အမြင်ချင်းဖလှယ်ရန် ဆန္ဒရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## ဟားမတ်စ်အဖွဲ့အပေါ် စစ်ရေးအရ တိုက်ခိုက်ခြင်းဖြင့် ဓားစာခံများလွတ်မြောက်နိုင်ဟု အစ္စရေးတာဝန်ရှိသူ ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၈**

ဟားမတ်စ်အဖွဲ့အပေါ် စစ်ရေးအရ တိုက်ခိုက်ခြင်းသည် ဟားမတ်စ်အဖွဲ့မှ ဖမ်းဆီးထားသော ဓားစာခံများကို ပြန်လည် လွတ်မြောက်လာစေရန် အထောက်အကူဖြစ်စေမည်ဟု အစ္စရေး စီးပွားရေးနှင့် စက်မှုလက်မှုဝန်ကြီး Nir Barkat Barkat က ပြောကြားခဲ့သည်။

၎င်းသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လက်ယာယိမ်း လီကွတ်ပါတီတွင် အရေးပါသော လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး အစ္စရေးက ၎င်း၏စစ်ဆင်ရေးကို စတင်ချိန်မှစ၍ ဟားမတ်စ်အဖွဲ့အပေါ် တင်းမာသော သဘောထားမှတ်ချက်များကြောင့် လူသိများသည်။ အစ္စရေးတပ်ဖွဲ့က ဟားမတ်စ်များကို သုတ်သင်ပစ်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။



ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေး အာဏာပိုင်များက ပဋိပက္ခအတွင်း လူပေါင်း ၂၀၀၀၀ ကျော် သေဆုံးခဲ့ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။ ၎င်းအရပ်သားများသေဆုံးမှုအတွက် ဟားမတ်စ်တွင် တာဝန်ရှိကြောင်း Barkat က ပြောကြားခဲ့သည်။ Barkat က အမေရိကန်၏ ပံ့ပိုးကူညီမှုကို ကျေးဇူးတင်ကြောင်းနှင့် သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း မိမိတို့ နှစ်နိုင်ငံသည် မဟာဗျူဟာအရ ညှိနှိုင်းဆောင်ရွက်နေကြောင်း ပြောသည်။ အစ္စရေးသည် ယခုစစ်ပွဲကို မည်ကဲ့သို့တိုက်ခိုက်ရမည်ကို နားလည်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

## ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးစိတ်သစ် JN.1 ရောဂါကူးစက်ခံရသူ ၁၂ ဦး စစ်ဆေးတွေ့ရှိ

**လီမာ ဒီဇင်ဘာ ၂၈**

ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးစိတ်သစ် JN.1 ရောဂါကူးစက်ခံရသူ ၁၂ ဦး စစ်ဆေးတွေ့ရှိကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ မျိုးစိတ်သစ် JN.1 ရောဂါသည် BA.2.86 မျိုးစိတ်မှ ဆင်းသက်လာသည့် ရောဂါဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးအင်စတီကျုက နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် နိုင်ငံတစ်ဝန်း၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ နမူနာများကို စစ်ဆေးခြင်းဖြင့် အဆိုပါ ရောဂါကူးစက်ခံရသူများကို စစ်ဆေးတွေ့ရှိခြင်းဖြစ်သည်။


ရောဂါ ကူးစက်ခံရသူများတွင် အသက် ၂၃ နှစ်မှ ၅၈ နှစ်အရွယ်ရှိသူများ ပါဝင်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် JN.1 ဗီဇပြောင်းဗိုင်းရပ်ကို မိခင်မျိုးရိုး BA.2.86 ၏ မျိုးကွဲတစ်ခုအဖြစ် အမျိုးအစားခွဲခြားသတ်မှတ်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကဲဖြတ်မှုအရ အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်သည် အန္တရာယ်နည်းပါးသည်ဟု ယူဆသည်။ လက်ရှိအချိန်အထိ ၎င်းဗိုင်းရပ်စ်သည် အခြားသော အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်များနှင့် နှိုင်းယှဉ်ပါက ရောဂါပြင်းထန်စွာခံစားရခြင်းမရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## မူပိုင်ခွင့်ချိုးဖောက်မှုအတွက် OpenAI နှင့် Microsoft တို့အား နယူးယောက်တိုင်းစ် တရားစွဲဆို




**နယူးယောက် ဒီဇင်ဘာ ၂၈**

နယူးယောက်တိုင်းစ်သတင်းစာသည် ၎င်း၏ ဆောင်းပါးများကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှုအတွက် OpenAI နှင့် Microsoft ကို တရားစွဲဆိုထားသည်။ OpenAI နှင့် Microsoft တို့၏ ဉာဏ်ရည်တုနည်းပညာ ပရိုဂရမ်များကို လေ့ကျင့်ပေးရေးအတွက် ၎င်းသတင်းစာ၏ ဆောင်းပါးများကို ရယူအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် ထိပ်တန်းသတင်းစာက အမေရိကန်တရားရုံးတစ်ခုသို့ ဒီဇင်ဘာ ၂၇ ရက်တွင် တရားစွဲဆိုခဲ့သည်။ OpenAI သည် AI chatbot Chat GPT ၏ developer ဖြစ်ပြီး Microsoft သည် ၎င်း၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖြစ်သည်။ ကုမ္ပဏီနှစ်ခုသည် နယူးယောက်တိုင်းစ်၏ ဆောင်းပါးများကို ဥပဒေမဲ့ကူးယူကာ နယူးယောက်တိုင်းစ်၏ "ထူးခြားသော လက်ရာများ"ကို အလွဲသုံးစားပြုခဲ့သဖြင့် ဒေါ်လာ ဘီလီယံပေါင်းများစွာ ထိခိုက်စေခဲ့သည်ဟု တိုင်ကြားချက်တွင် ဖော်ပြထားသည်။

New York Times သည် AI စနစ်များကို လေ့ကျင့်ရန်အတွက် ၎င်း၏ဆောင်းပါးများနှင့် ဓာတ်ပုံများ အသုံးပြုခြင်းကို ပိတ်ပင်ထားခဲ့ပြီး ဩဂုတ်လတွင် ၎င်း၏ ဝန်ဆောင်မှုစည်းမျဉ်းများကို မြှင့်တင်ခဲ့သည်။

ယခုတရားစွဲဆိုမှုသည် မူပိုင်ခွင့်ချိုးဖောက်မှုအတွက် AI developer များအား အမေရိကန်မီဒီယာကြီးတစ်ခုမှ ပထမဆုံးအကြိမ် တရားစွဲခြင်းဖြစ်သည်ဟု သတင်းစာက ဆိုသည်။ ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာနှင့် ရေတာရှည်မြို့နယ်တို့မှ ကျေးရွာများ အတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့ သေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ


နေပြည်တော် ဒီဇင်ဘာ ၂၈


ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာကို ဒီဇင်ဘာ ၂၇ ရက်က တပ်မတော်က လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရေတာရှည်မြို့နယ် သာယာကုန်းကျေးရွာနှင့် ဒိုးတန်းကျေးရွာတို့တွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ပျဉ်းမရွာကို ဒီဇင်ဘာ ၂၇ ရက်က တပ်မတော်က လက်နက်ကြီးပစ်ခတ်ခဲ့ခြင်း မရှိကြောင်း၊ အလားတူ ရေတာရှည်မြို့နယ် သာယာကုန်းကျေးရွာနှင့် ဒိုးတန်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit သည် ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာမှ ဒေသခံရွာသူ ရွာသား ၈၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၈

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာသို့ ဒီဇင်ဘာ၂၇ ရက် နံနက် ၉ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိခဲ့ပြီး ဒေသခံရွာသူရွာသား ၈၃ ဦးကို ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် ဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာအနီးတွင် အကြမ်းဖက်သမားများက ဒေသခံပြည်သူများထံမှ ငွေကြေး၊ ပစ္စည်းများ လုယက်ယူဆောင်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်မှ နယ်မြေလုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပြီး ရွာသူ ရွာသားများအား ဖမ်းဆီးခြင်း မရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပေးလျက်ရှိပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းတု၊သတင်းမှားများကို လုပ်ကြံဖန်တီး ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများနှင့် တရုတ်နိုင်ငံသို့ပို့ဆောင် ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ငွေလင်းနှင့် လေးမျက်နှာမြို့နယ်နေ လှသက်ချို(ခ) ချိုကြီးတို့က လေးမျက်နှာမြို့နယ်နေ ကို ---၊ ၂၇/၁၉ နှစ်နှင့် ကို---၊ ၂၂/၁၉ နှစ်တို့အား ရေလုပ်ငန်းလုပ်ကိုင်ပါက လုပ်အားခကြိုတင်ငွေတစ်ဦးလျှင် ခုနစ်သိန်း ကျပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး လုပ်အားခများအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လေးမျက်နှာမြို့မရဲစခန်း (ပ)၅၃၃/ ၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဟင်္သာတခရိုင်တရားရုံးမှ ၂၀၂၀ ပြည့်နှစ် မေ ၅ ရက်တွင် တရားခံ ငွေလင်း အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့ပြီး တရားခံပြေး လှသက်ချို (ခ)ချိုကြီး အား ၅-၁၀-၂၀၂၃ ရက်နေ့တွင် ပြန်လည်ဖမ်းဆီးရမိသဖြင့် တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နေ အဲလေနှင့် နန်းမွေကျောက်တို့က တာချီလိတ်မြို့နယ်နေ မ----၊ ၂၈/၂၃ နှစ်အား တရုတ်ဇနီးမယားပြုလုပ်ပါက ငွေကြေးအမြောက်အမြားရရှိမည်ဟု လိမ်လည်စည်းရုံးပြောဆိုခေါ်ဆောင်ကာ တရုတ်နိုင်ငံဘက်သို့ ယွမ်သုံးသောင်းဖြင့် ပို့ဆောင်ရောင်းစားခဲ့သဖြင့် တာလေမြို့မရဲစခန်း(ပ)၄/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်၍ တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံအဲလေနှင့် နန်းမွေကျောက်တို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နေ ကျော်သူ(ခ)စိုးခိုင်၊ နွယ်နွယ်ဝင်း(ခ)နွယ်ပုနှင့် အာကာကျော်(ခ)အာကြီးတို့က ကျောက်ဆည်မြို့နယ်နေ မ---၊ ၃၀/၂၃ နှစ်အား တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်လိုပါက ကြိုတင်ငွေကျပ် သိန်း ၄၀ ပေးမည်၊ တစ်လကျပ်သိန်း ၂၀ ရမည်ဟု လိမ်လည်စည်းရုံးကာ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် ဆောင်ရွက်ခဲ့သဖြင့် ကျောက်ဆည်မြို့မရဲစခန်း (ပ)၁၄၄/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်၍ ကျောက်ဆည်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၆ရက်တွင် တရားခံ ကျော်သူ(ခ)စိုးခိုင်နှင့် နွယ်နွယ်ဝင်း(ခ)နွယ်ပုတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၂၀ နှစ်စီ၊ အာကာကျော်(ခ)အာကြီးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်နေ ခင်မောင်ဆန်းက လိပ်စာတူနေ ဒေါ်---၊ ၃၈/၁၆နှစ်၊ မ----၊ ၃၄/၁၆နှစ်၊ မ----၊ ၃၀/၁၆ နှစ်တို့အား မြန်မာ-တရုတ်နယ်စပ်မြို့ မူဆယ်မြို့၌ ပန်းခူး၊ ပန်းညှပ်လုပ်လျှင် တစ်နှစ်လုပ်ခ ငွေ ၁၇ သိန်းကျပ်ခန့်ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်အမျိုးသားများထံ ပို့ဆောင်ရောင်းစားရန် ဆောင်ရွက်ခဲ့သဖြင့် ကုန်းပြင်နယ်မြေရဲစခန်း (ပ)၈၀/၂၀၁၆၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျုံပျော်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံခင်မောင်ဆန်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# မှော်ဘီမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများက ညောင်ကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို စစ်ဆေးခဲ့ကြပြီး လမ်းအရှည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် လမ်းကြာရှည်တည်တံ့ကောင်းမွန်စေရေး ထိန်းသိမ်း ဆောင်ရွက်သွားကြရန်တို့ကို ရှင်းလင်းပြောကြားသည်။

ညောင်ကုန်းကျေးရွာ ကုန်ထုတ်ဂဝံလမ်းကို တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် JueJueSanCo;Ltd. မှ လမ်းအရှည် ပေ ၁/၃ ဒသမ ၆၆ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မကို နိုဝင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# အနော်ရထာတံတား(ချောက်) ရေလမ်း ပြောင်းလဲမည်

နေပြည်တော် ဒီဇင်ဘာ ၂၈

အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၅)နှင့် (၆) အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၄)နှင့် (၅) အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ဇန်နဝါရီ ၁ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅) အကြားမှလည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄) အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင် အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။

သတင်းစဉ်





# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၄၁)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌက ပိုးသတ်ဆေးများကို မဆင်မခြင်သုံးစွဲလာခြင်းကြောင့် ပိုးမွှားမဟုတ်သော ပိုးကောင်များ ထိခိုက်သေကျေစေခြင်း၊ ဖျက်ပိုးများကိုကာကွယ်သော မိတ်ဆွေပိုးများ၊ ငှက်များ၊ ငါးများနှင့် နို့တိုက်သတ္တဝါများ သေကျေ၍ ကွင်းဆက်များပျက်စီးခြင်း၊ ရေနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ မြေဆီလွှာအတွင်းရှိ တီကောင်အပါအဝင် ဇီဝမျိုးစုံနှင့် မြေဆီလွှာအာဟာရများ ပျက်စီးကာ မြေဆီလွှာကျန်းမာရေးကို ထိခိုက်စေကြောင်း၊ ပိုးသတ်ဆေးများ ကြိမ်ဖန်များစွာ ပက်ဖျန်းခြင်းကြောင့် ဖျက်ပိုးများက ပိုးသတ်ဆေးကို ခံနိုင်ရည်စွမ်းရှိလာကြ၍ နှိမ်နင်းရန်ခက်ခဲကြောင်း၊ ထို့ကြောင့် ပိုးသတ်ဆေးများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် မညီညွတ်ပါက မှတ်ပုံတင်ခွင့် ပေးမည်မဟုတ်ကြောင်း။

ထို့ကြောင့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာအထောက်အကူရရှိရန် ကျွမ်းကျင်ပညာရှင်များပါဝင်သော နည်းပညာကော်မတီသို့ လိုအပ်သည့် သတင်းအချက်အလက်များကို ပြုစုတင်ပြခြင်း၊ စိစစ်သုံးသပ်အကြံပြုခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးအပေါ် ထိရောက်စေနိုင်မှု၊ လူနှင့် အခြားအကျိုးပြုသတ္တဝါများအပေါ် အဆိပ်သင့်နိုင်မှုများ စိစစ်သုံးသပ်အကြံပြုခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိသူများ၊ ဖောက်ဖျက်ကျူးလွန်သူများ လျော့နည်းပပျောက်သွားသည်အထိ ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များ စိစစ်တင်ပြလာသော ပိုးသတ်ဆေး အမျိုးပေါင်း ၁၀၉ မျိုးကို အတည်ပြုပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရွှေပညာ ပညာရေးငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ကော့သောင်း ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ရွှေပညာ ပညာရေးငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ ရွှေပညာ ပညာရေးငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ သဘာပတိ ဦးကျော်ငွေက နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ ရရှိငွေများ၊ သုံးစွဲငွေများနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုအစီအစဉ်များ၊ ဆောင်ရွက်ပေးလျက်ရှိသောလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်က သမဝါယမဦးစီးဌာန၏ ဆောင်ရွက်ပေးနေသည့် အစီအစဉ်များ၊ သမဝါယမအသင်းရှိခြင်းဖြင့် ရရှိနိုင်သော အကျိုးအမြတ်များနှင့် စုဆောင်းငွေများအပေါ် ရရှိနိုင်သည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားပေးခဲ့ပြီး တက်ရောက်လာသော အသင်းသား အသင်းသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

ထို့နောက် အသင်းသားများ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွက် အသင်းသား ၆၁၆ ဦးအား အစုပေါ်အမြတ်ငွေကျပ် ၂၁၅၇၈၈၁ နှင့် စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၁၁၅၈၁၂၃၇ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd.မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG၊ MGZS EV နှင့်MG၊ MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၁၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပျော်မဆုံး မော်မဆုံး ဘောလုံးကစားကြမည်

**အားကစားဝါသနာရှင်တစ်ဦး**

**ပလတ်စတစ်ဘောလုံးလေးတစ်လုံး ကျွန်တော်ရှိရာသို့ ဝဲပျံလာသည်။ စက်ဘီးကို အသာထိန်းရင်း ခြေတစ်ဖက်ကို ပင့်မြှောက်၍ ဘောလုံးလာရာလမ်းအတိုင်း အသာအယာ ပြန်ကန်ပို့ပေးလိုက်သည်။ "ဟာ"၊ မူလတန်းအရွယ်သားသားလေးနှစ်ဦး၏ အာမေဋိတ် အံ့ဩသံနှင့်အတူ ချီးမွမ်းသံလေးများ ညံစီသွားသည်။ ပြီးတော့ သူတို့ ကျွန်တော့်ကို ငေးမောရင်း ကျန်ရစ်ခဲ့သည်။**

ကျွန်တော်တို့ငယ်စဉ်ကလည်း သည်လိုပင်။ လူကြီးများဘောလုံးကစားကြသည်ကို ညနေတိုင်း ကွင်းဘေးက ငေးမောကြည့်ရင်း အားကျနေမိသည်။ ကျွန်တော်နေထိုင်ရာ ရပ်ကွက်တွင် ရွှေခေတ်လူကြီးလူငယ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများ၊ ပထမတန်းကစားသမားများ၊ ဝါသနာရှင် လူငယ်ကစားသမားများဖြင့် စုဖွဲ့မှုကောင်းသည်။ သူတို့က ညနေတိုင်းဘောလုံးကစားလေ့ရှိသည်။ ကျွန်တော်ကလည်း ကစားဖော်များကိုစောင့်ရင်း အဖေဝယ်ပေးထားသည့် မော်ဘီဘောလုံးစက်ရုံထုတ် ၁၆ ကျပ် ပြား ၄၀ တန် ဒဗလျူဘောလုံးလေးကိုပိုက်ရင်း ကွင်းဘေးက ထိုင်ကြည့်လေ့ရှိသည်။

သူတို့ထဲက ကမ္ဘာကျော်ဘောလုံးသမားကြီးမာရာဒိုနာနှင့် အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်ကအစတူသည့် အစ်ကိုကြီးတစ်ဦးကို အလွန်သဘောကျခဲ့သည်။ Jumping အလွန်ကောင်းသည်။ Control အလွန်ညက်သည်။ Speed ကလည်း လှစ်ခနဲ၊ လှစ်ခနဲ။ မြန်မှမြန်။ သူဘောလုံးကစားပုံမှာ အမြဲကြွရွလို့နေသည်။ နောက်ပိုင်းတွင် ပထမတန်းဆိပ်ကမ်းကလပ်အသင်းတွင် သူပါဝင်ကစားခဲ့သည် အထိအောင်မြင်ခဲ့သည်။ အလားတူပင် ဝါရင့်ကစားသမားကြီးများနှင့်တွဲဖက်၍ လိုက်ပါကစားခဲ့ကြသော ဝါသနာရှင်လူငယ်အချို့မှာလည်း မြို့နယ်လက်ရွေးစင်၊ ရန်ကုန်တိုင်း လက်ရွေးစင်များအဖြစ် တက်လှမ်းနိုင်ခဲ့ကြပါသည်။

ရပ်ကွက်နေလူကြီးများကလည်း ဘောလုံးအပါအဝင် အားကစားလှုပ်ရှားမှုများကို အထူးအားပေးမြှောက်စားခဲ့ကြသည်။ ယခုလို ဒီဇင်ဘာလ၊ ဇန်နဝါရီလဆိုလျှင် ရပ်ကွက်ထဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲစသည်ဖြင့် အားကစားပြိုင်ပွဲမျိုးစုံကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလေ့ရှိသည်။

## ကြိတ်ကြိတ်တိုးအားပေးလေ့ရှိ

ဘောလုံးပြိုင်ပွဲဆိုလျှင် ကျွန်တော်တို့ မူလတန်းအရွယ်ကလေးများအတွက် ၄ ပေ ၈ လက်မ၊ ၅ ပေ ၂ လက်မဘောလုံးပြိုင်ပွဲလေးများကို နှစ်စဉ်မပျက်မကွက် ကျင်းပပေးသည်။ မည်ကာမတ္တ တော်ရိလျော်ရိကျင်းပပေးခြင်းမျိုး မဟုတ်ပါ။ ဒိုင်လူကြီးဆိုလျှင် ရပ်ကွက်တွင်နေထိုင်သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးတစ်ဦးက ဖွင့်ပွဲနှင့် ဗိုလ်လုပွဲအပါအဝင် ပွဲကြီးပွဲကောင်းပွဲစဉ်များကို ကိုယ်တိုင်ပါဝင်ကြီးကြပ်ပေးခဲ့သလို အခြားသူများကိုလည်း ဒိုင်လူကြီးသင်တန်း ပို့ချပေးခဲ့ပါသည်။ လက်ရွေးစင်ဟောင်းကြီးအချို့ကမူ နီးစပ်ရာအသင်းများတွင် နည်းပြအဖြစ် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ သို့ဖြင့်ပြိုင်ပွဲမှာ အကြိတ်အနယ်ရှိလှသလို ပရိသတ်မှာလည်း ကွင်းလေးဖက်လေးလံ အပြည့်အလျှံကြိတ်ကြိတ်တိုးအားပေးလေ့ရှိကြသည်။

ကျွန်တော်တို့ ကလေးသူငယ်များအဖို့မှာလည်း ထိုပြိုင်ပွဲက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတမျှ အရေးပါလှသည်။ အုပ်စုပွဲစဉ်ကို ကျော်ဖြတ်နိုင်ပြီဆိုပါက ပျော်လို့မဆုံး မော်လို့မဆုံးနိုင်ဖြစ်ရသကဲ့သို့ အုပ်စုအဆင့်က ထွက်ရပြီဆိုပါကလည်း မျက်ရည်စက်လက် ဝမ်းနည်းပက်လက်ဖြစ်၍မဆုံး။ ထိုသို့ ရပ်မိရပ်ဖ ရပ်ကွက်လူကြီးများ၊ လက်ရွေးစင်ဟောင်းကြီးများ၊ ဘောလုံးအားကစားဝါသနာရှင်များ၏ မြေတောင်မြှောက် အားပေးမှုများကြောင့် ကျွန်တော်နှင့် ခေတ်ပြိုင်ကလေးငယ်များသည် ထွန်းထွန်းပေါက်ပေါက် မဖြစ်ခဲ့သည့်တိုင်



အားကစားကို ချစ်မြတ်နိုးသည့်စိတ်က ဘဝတစ်လျှောက်လုံးတွင် ပန္နက်ရိုက်လိုက်သလို စွဲမြဲခိုင်မာသွားခဲ့ပါသည်။

ထိုမှအစပြု၍ ဘောလုံးမှဘောလုံး၊ နေပူမရှောင် မိုးရွာမရှောင်၊ နေ့နေ့ညည၊ အချိန်မရွေး နေရာမရွေး ဆယ်စုနှစ်ပေါင်းများစွာ ပျော်မဆုံးမော်မဆုံး ဘောလုံးကစားဖြစ်ခဲ့ကြသည်။ ယခုအသက် (၅၀) ကျော်သည့်တိုင် ရံဖန်ရံခါငယ်သူငယ်ချင်းများ၊ ရပ်ကွက်အတွင်းရှိ လူငယ်များနှင့် ဖူဆယ်ကစားလို့ကောင်းဆဲပင်။

"ဦးလေးက ကစားနိုင်သေးတယ်နော်" ဟု လူငယ်အချို့ကဆိုပါလျှင် ကျွန်တော်သည် ငယ်စဉ်ကလေးဘဝကတည်းက အားကစားလိုက်စားလာစေရန် မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးခဲ့ကြပါသော တစ်ချိန်ကလူကြီးမိဘများကို အမှတ်တရ တမ်းတမိပါသည်။ လူကြီးမိဘများ၏ ဦးဆောင်လမ်းပြမှုများကြောင့် ဘောလုံးကိုအပျော်တမ်းအဆင့်၊ ဝါသနာရှင်အဆင့်ဖြင့် ဆယ်စုနှစ်ပေါင်းများစွာကစားခဲ့ရာမှ ကျွန်တော့်တွင် ယခုအသက် (၅၀) ကျော် အရွယ်အထိ ဆီးချိုမရှိ၊ သွေးတိုးမရှိ၊ နှလုံး၊ အဆုတ်တို့နှင့်ပတ်သက်သည့် ရောဂါမရှိသေး။ အချို့ သက်တူရွယ်တူ အဝလွန်ဗိုက်ပူမိတ်ဆွေသူငယ်ချင်းများကြားတွင်လည်း ပိန်ပိန်ပါးပါး၊ စိတ်သွားတိုင်းကိုယ်ပါ လိုရာကို မမောမပန်းနိုင်သွားလာနိုင်ဆဲဖြစ်ရသည်။

## စိတ်ကြွဆေးဝါးများ လက်တည့်စမ်းမှီဝဲသုံးစွဲ

တစ်ချိန်က ရပ်မိရပ်ဖလူကြီးမိဘများ၏ ကျေးဇူးတရားများက ဤမျှမကပါ။ ၁၉၈၀ ပြည့်နှစ်ကျော်ကာလ ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝတွင် အရက်၊ ဆေးခြောက်၊ ဖန်စီဒိုင်း၊ ကွန်မက်သာဇင်၊ ဒဗလျူစိတ်ကြွရူးသွပ်ဆေးဝါးများက လူငယ်များကြားတွင် ခေတ်စားလာသည်။ သူငယ်ချင်းအချို့ အရက်၊ ဆေးခြောက်နှင့် ဒဗလျူစိတ်ကြွဆေးဝါးများကို လက်တည့်စမ်းမှီဝဲသုံးစွဲလာကြသည်။

အခြားသူများကိုလည်း သူတို့နည်းတူ စိတ်ပါလာအောင် ဆွဲဆောင်စည်းရုံးခဲ့ကြသည်။ အချို့လည်း သူတို့ဆွဲဆောင်ရာနောက် ကောက်ကောက်ပါသွားပြီး လက်တည့်စမ်းသုံးစွဲကြရာမှ မသုံးရမနေနိုင်သည့် မူးယစ်ဆေးဝါး၏သားကောင်ဘဝသို့ ရောက်မှန်းမသိရောက်သွားရင်း ရောဂါပေါင်းစုံ စွဲကပ်ကာ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးသွားခဲ့ရသည့် သူငယ်ချင်းအချို့လည်း ရှိခဲ့သည်။

ကျွန်တော်ကမူ ရပ်ကွက်ထဲက လူကြီးအချို့ ခေါ်လေ့ရှိသည့် "ဘောရူး"ဟူသည့်အတိုင်း ကလေးဘဝကလည်း ကစားဖော်တွေ့ရှိရှိ၊ မရှိရှိ ဘောလုံးတစ်လုံးနှင့် မိုးချုပ်နေဝင်သည်အထိ တစ်ယောက်တည်း ဘောလုံးကို တော့လိုက်ကန်လိုက်၊ လှေကျင့်လိုက်နှင့်။ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝရောက်တော့လည်း မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်လက်ရွေးစင်အဖြစ် ရွေးချယ်ပါဝင်ခွင့်ရ၍ ညနေတိုင်း ထရိန်နင်ဆင်းလိုက်၊ ခြေစမ်းပွဲများကစားလိုက်နှင့် ဘောလုံးကစားရန်သာ စိတ်ထဲရှိနေခဲ့၍ ရှောင်လေဝေးဝေး မူးယစ်ဆေးဟူသည့်ဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ်ကျော့ကွင်းမှ လွတ်ကင်းခဲ့ပါသည်။

## မူးယစ်ဆေးဝါးအန္တရာယ်

ယနေ့မျက်မှောက်ကာလတွင် မူးယစ်ဆေးဝါးအန္တရာယ်က မြန်မာအပါအဝင် ကမ္ဘာတစ်ခွင် ပို၍ကြီးမားလာသည်။ ခေတ်မီဓာတုဆေးဝါးများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးဝါးများက သုံးစွဲမိသူများကို မသုံးရမနေနိုင်အောင် စွဲလမ်းစေသကဲ့သို့ အသက်အန္တရာယ်ကိုလည်း အချိန်တိုအတွင်း ဆုံးရှုံးထိခိုက်စေပါသည်။

> **ကျွန်တော်ကမူ ရပ်ကွက်ထဲက လူကြီးအချို့ခေါ်လေ့ရှိသည့် "ဘောရူး" ဟူသည့်အတိုင်း ကလေးဘဝကလည်း ကစားဖော်တွေ့ရှိရှိ၊ မရှိရှိ ဘောလုံးတစ်လုံးနှင့် မိုးချုပ်နေဝင်သည်အထိ တစ်ယောက်တည်း ဘောလုံးကို တော့လိုက်ကန်လိုက်၊ လှေကျင့်လိုက်နှင့်။ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝရောက်တော့လည်း မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်လက်ရွေးစင်အဖြစ် ရွေးချယ်ပါဝင်ခွင့်ရ၍ ညနေတိုင်း ထရိန်နင်ဆင်းလိုက်၊ ခြေစမ်းပွဲများကစားလိုက်နှင့် ဘောလုံးကစားရန်သာ စိတ်ထဲရှိနေခဲ့၍ ရှောင်လေဝေးဝေး မူးယစ်ဆေးဟူသည့်ဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ်ကျော့ကွင်းမှ လွတ်ကင်းခဲ့**

မိတ်ဆွေတစ်ဦး၏ သားတစ်ဦးဆိုပါလျှင် အပေါင်းအသင်းမှားပြီး စိတ်ကြွရူးသွပ်ဆေးစွဲသွား၍ လူရုပ်ပင် မပေါက်တော့ဘဲ မျက်ကွင်းများညိုမည်းကာ လူမှာလည်း မေးရိုးငေါငေါနှင့် တဖြည်းဖြည်းလုံးပါးပါးလာသည်။ မိဘများက အချိန်မီသိရှိလိုက်၍သာ မလွန်ခင်တားဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေပြီး ကျန်းမာကြံ့ခိုင်စေရန်အတွက် ငယ်စဉ်ကလေးဘဝကတည်းက အားကစားကို ဝါသနာပါပြီး လေ့လာလိုက်စားနိုင်စေရန် အားပေးကြရပါမည်။ ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရကလည်း တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးစသည့် လူမှုရေးဦးတည်ချက်များနှင့်အညီ လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ အထူးသဖြင့် အားကစားကဏ္ဍတွင် ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးနေသကဲ့သို့ ဆုရရှိသူများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်မြှောက်စားလျက်ရှိပါသည်။

## အားကစားလှုပ်ရှားမှုများတွင် ဝါသနာပါလာစေရန် ပြုစုပျိုးထောင်

ဘောလုံးပြိုင်ပွဲများကလည်း ကျွန်တော်တို့ငယ်စဉ်ကနှင့်မတူ ပြိုင်ပွဲများက မျိုးစုံလှပါသည်။ သက်တမ်းအလိုက်ပြိုင်ပွဲများ၊ တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ပြိုင်ပွဲများ၊ ကျောင်းသားအားကစားပွဲတော်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ ဝန်ကြီးဌာနပေါင်းစုံစသဖြင့် ထူးချွန်လျှင်ထူးချွန်သလို အဆင့်ဆင့်တက်လှမ်းနိုင်မည့် လှေကားထစ်များက အရန်သင့်။ မိဘများကလည်း မိမိရင်သွေးငယ်များ ငယ်စဉ်ကတည်းက အားကစားကို ဝါသနာပါပြီး လေ့လာလိုက်စား၊ ဆော့ကစားနိုင်စေရန် နည်းပေးလမ်းပြပြုစုပျိုးထောင်ပေးကြရန်လိုအပ်ပါသည်။ KG မူလတန်းကလေးငယ်များကို လက်ကိုင်ဖုန်းအစား ဘောလုံး၊ ဘက်တံ၊ ကြက်တောင်၊ ခြင်းလုံး စသည့် အားကစားပစ္စည်းများ၊ အားကစားဝတ်စုံ၊ ကင်းပတ်ဖိနပ် စသည့်အားကစားအသုံးအဆောင်ပစ္စည်းများဝယ်ပေးခြင်းဖြင့် ရင်သွေးငယ်များကို ငယ်စဉ်ကလေးဘဝကတည်းက အားကစားလှုပ်ရှားမှုများတွင် ဝါသနာပါလာစေရန် ပြုစုပျိုးထောင်ပေးကြရပါမည်။


ငယ်စဉ်က အဖေဝယ်ပေးခဲ့သော ၁၆ ကျပ် ပြား ၄၀ တန် ဒဗလျူဘောလုံးလေးကို ကျွန်တော် အမှတ်ရလာသည်။ ထိုဘောလုံးလေးက ကျွန်တော့်ဘဝကို ယခုတိုင် ကျန်းကျန်းမာမာနေထိုင်ခွင့်ရအောင်၊ မူးယစ်ဆေးဝါးအန္တရာယ်မှ လွတ်ကင်းအောင်၊ အနိုင်မခံအရှုံးမပေးသော ဖွဲ့သတ္တိများ၊ အားကစားစိတ်ဓာတ်များ တိုးပွားစေအောင် လမ်းပြပေးခဲ့ပါသည်။

ယခု အသက် (၃၈) နှစ်အရွယ်တိုင် ဆော်ဒီကလပ် အယ်လ်အယ်လ်နက်ဆာအသင်းတွင် ခြေစွမ်းတွေပြပြီး ဂိုးတွေသွင်းယူနေဆဲ ခရစ္စတီယာဒို ရိုနယ်ဒို (CR7) သည်ပင်လျှင် သားဖြစ်သူ ဂျူနီယာရိုနယ်ဒိုကို သူ့နည်းတူ ကမ္ဘာကျော်ဘောလုံးသမားတစ်ဦး ဖြစ်လာစေရန် ဖုန်းကိုင်ဆောင် သုံးစွဲခွင့်မပြုဘဲ လက်ရှိဂျူနီယာကလပ်အသင်းအဆင့်တွင် ဘောလုံးအားကစားတစ်ခုတည်းကိုသာ အချိန်ပြည့်အာရုံစိုက်ကစားနိုင်အောင် ပြုစုပျိုးထောင်ပေးထားသည် မဟုတ်ပါလား။ ။

## နတ်တလင်းမြို့၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**နတ်တလင်း ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးကစားနည်း ၁၀ မျိုးဖြင့် ပညာပေး ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက သာဓီရပ်ကွက် အထက (နတ်တလင်း) မနောဟာဒယခန်းမ၌ ပြုလုပ်သည်။



ဦးစွာ နတ်တလင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အမှာစကား ပြောကြားပြီး သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်းက သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနေဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးငြိမ်းသတ်နည်း၊ စောင်ဖြင့် ထမ်းစင်ပြုလုပ်နည်းနှင့် သယ်ဆောင်နည်း၊ ရေသန့်ဘူးခွံဖြင့် အသက်ကယ်အင်္ကျီပြုလုပ်နည်းများ၊ သဘာဝဘေးအန္တရာယ်ပေါ်ပေါက်လာပါက ဆောင်ရွက်ရမည့် နည်းစနစ်များ၊ မီးလောင်မှုကိုဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများ၊ အရိုးကျိုးလူနာများအား ရှေးဦးပြုစုနည်းစသည့် ကစားနည်း ၁၀ မျိုးဖြင့် လေ့ကျင့်သင်ကြားပညာပေးဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အရေးပေါ် အခြေအနေပေါ်ပေါက်လာပါက လျင်မြန်စွာတုံ့ပြန်နိုင်ပြီး ထိခိုက်ဆုံးရှုံးမှု နည်းပါးစေမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



## ညောင်လေးပင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ညောင်လေးပင် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေးအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုဌေးက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် ပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လက်တွေ့အသုံးပြုပုံများကို ရှင်းလင်းပြသခြင်း၊ ကစားနည်း ကိုးမျိုးတို့ကို အုပ်စုခွဲ၍ ကျောင်းသား ကျောင်းသူများအား လက်တွေ့ဆောင်ရွက်ခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစောဝါးလယ်ထူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ပေးအပ်

**ဝမ်းတွင်း ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများလက်ဝယ်အရောက်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက လိန်ပင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

**ဆောင်ရွက်ပြီးစီး**

ဝမ်းတွင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ဆောင်ရွက်လျက်ရှိသော ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပြီးစီးမှု ၃၁၅၀ နှင့် အိမ်ထောင်စုဆောင်ရွက်ပြီးစီးမှု ၂၁၀ ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထံမှ သိရသည်။

လိန်ပင်ကျေးရွာအုပ်စု လိန်ပင်ကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ဇီဝဗေဒအချက်အလက်များ ကောက်ယူသည့် လုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ကြည့်ရှုအားပေးခဲ့ပြီး ပန်းခင်းစီမံချက်(၂)ဖြင့် ပြုလုပ်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၇ ခုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)




## မော်လမြိုင်ခရိုင်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေး

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မော်လမြိုင်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဦးမင်းထိုက်က ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးသူငယ်များအပေါ်ပြုလုပ်သည့် အကြမ်းဖက်မှုကျူးလွန်ခြင်း၊ ကလေးသူငယ်နှင့်ပတ်သက်သည့် အခွင့်အရေးများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အရေးယူဆောင်ရွက်နိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ ဥပဒေပြဋ္ဌာန်းချက်များ အကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကော့သောင်းမြို့နယ်၌ ကျေးရွာရေရရှိရေးနှင့် စာကြည့်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းများ စစ်ဆေး

**ကော့သောင်း ဒီဇင်ဘာ ၂၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၇ ရက်က ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁ ဒသမ ၉၅ သန်းဖြင့် ကော့သောင်းမြို့နယ် (၁၅)မိုင်ကျေးရွာ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၅ သန်းဖြင့် ဆောင်ရွက်သောစိုင်ဒင်းကျေးရွာ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းတွင် ဂါလန် ၂၄၀၀ ဆံ့ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးရွာတွင်း ရေပိုက်လိုင်း တစ်မိုင် သွယ်တန်းခြင်းလုပ်ငန်းနှင့် SMART Village ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်သော စာကြည့်တိုက်နှင့် ခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။



မွန်းလွဲပိုင်းတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဝန်ထမ်းများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၂

## မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရက်ကန်းပညာရပ် တိမ်ကောပပျောက်မှုမရှိစေရန် သင်တန်းများဖွင့်လှစ်မည်

**မုဒုံ ဒီဇင်ဘာ ၂၈**

ရက်ကန်းပညာရပ် တိမ်ကောပပျောက်မှုမရှိစေရေးအတွက် မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် လက်ရက်ကန်း ခြောက်လသင်တန်း ပထမအကြိမ်ကို ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သဘာဝဆိုးဆေးကိုအခြေခံ၍ အဝတ်အထည် အသုံးအဆောင်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်စေရန်၊ မြို့နယ်အတွင်း ရက်ကန်းလုပ်ငန်းကျွမ်းကျင်စွာ တတ်မြောက်၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်လမ်းရရှိစေပြီး တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ တိုးပွားလာစေရန်နှင့် ယင်းလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာအထောက်အပံ့များကို ဆောင်ရွက်ပေးနိုင်ရန် လက်ရက်ကန်းသင်တန်းများကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော်က ပြောသည်။

ဇန်နဝါရီ ၁ ရက် မှ ဇွန် ၃၀ ရက်အထိ လက်ရက်ကန်းပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ရာ တက်ရောက်သူများအနေဖြင့် ကျောင်းတွင် နေထိုင်စားသောက်ရေးစီစဉ်ထား၍ သင်တန်းသူတစ်ဦးလျှင် လစဉ် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၀ ဦး လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ပေါ်ဒေသတို့မှ ထွက်ရှိလာသည့် ပြောင်းဖူးများ အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိ

မန္တလေး ဒီဇင်ဘာ ၂၈

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကား ဈေးအတွင်းသို့ ယခုအချိန်တွင် တောင်ပေါ်ဒေသတို့မှ ထွက်ရှိဝင်ရောက်လာသည့် ပြောင်းဖူးများ အရောင်းအဝယ်သွက်လက်ကောင်းမွန်လျက်ရှိကြောင်း အဆိုပါ ဈေးအတွင်းရှိ ပြောင်းဖူးပွဲရုံများထံမှ သိရသည်။

အဆိုပါ ပြောင်းဖူးများသည် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့တစ်ရက်လျှင်ခြောက်ဘီးကားအစီးရေ ခုနစ်စီးမှ ရှစ်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ပြောင်းဈေးနှုန်းများမှာ လက်ရှိအချိန်တွင် ပိဿာချိန် ၃၀ ဆံ့အဖူးရေ ၁၁၀ ပါတစ်အိတ်လျှင် အိတ်ပြတ်အနေဖြင့် ငွေကျပ် ၂၇၀၀၀ မှ ၃၀၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်များကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းတွေက အရောင်းအဝယ်တွေ ကောင်းနေကြပါတယ်။ ပြောင်းက တောင်ပေါ် ဒေသစုံတွေကပဲ ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသတွေက ပြောင်းတွေဝင်ရောက်မှုမရှိသေးပါဘူး။ ပြောင်းကို အိတ်ပြတ် ဝယ်ယူကြတာများပါတယ်။ ကားတစ်စီးကို ပြောင်းအိတ်က ၁၀၀၀၀ နဲ့ ၁၂၀၀၀ ပါတယ်။ ပြောင်းတွေကိုတော့ လားရှိုးနဲ့ ရန်ကုန်တို့ကို တင်ပို့ရပါတယ်။ အခုနောက်ပိုင်းမှာ ပြောင်းစိုက်တဲ့သူတွေလည်း နည်းသွားတာကို တွေ့ရပါတယ်။ ဈေးကိုပြောင်းအခြောက်တွေ ဝင်ရောက်နေတာတွေလည်း ရှိပါတယ်။ အခုချိန်မှာတော့ တောင်ပေါ်ကထွက်ရှိလာတဲ့ ပြောင်းတွေ နေ့စဉ်ဝင်ရောက်နေပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံများကဲ့သို့ ပြောင်းကလည်း အရောင်းအဝယ် သွက်လက်ကောင်းမွန်နေပါတယ်" ဟု ၎င်းက ပြောသည်။



အဆိုပါ ပြောင်းများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ယင်းကုန်စိမ်းဈေးကို ပုံမှန်အတိုင်းဖွင့်လှစ်ပြီး စည်ကားစွာရောင်းချနေကြောင်း၊ ဈေးကိုနံနက် ၄ နာရီမှ ည ၈ နာရီအထိဖွင့်လှစ်ကာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**



## မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဖလား အခြေခံပညာ ကျောင်းပေါင်းစုံ ခရစ်ကက်အားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဖလား အသက် ၁၉ နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားကျောင်းသူ ခရစ်ကက် အားကစားပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျိုက္ကဆံ အားကစားပြိုင်ကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း(ရုပ်ရှင်)နှင့်မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ခရစ်ကက် ဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်တို့က အမှာစကား ပြောကြားသည်။

ဦးစွာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များက ပြိုင်ပွဲဝင် အသင်းများအား လက်ဆောင်ပစ္စည်းများ၊ပွဲစဉ်တစ်လျှောက် Highest Wicket Taker (အပစ်ဆု)၊ Highest Run Scorer(အရိုက်ဆု) နှင့် Player of The Tournament (အကောင်းဆုံးဆု)ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသား အသင်းလိုက် ပထမဆု ရရှိသည့် အလောင်းဘုရားအသင်းနှင့် အမျိုးသမီးအသင်းလိုက် ပထမဆုရရှိသည့် ဘုရင့်နောင်အသင်းတို့အား ဆုတံဆိပ်ဆွဲပြားနှင့် ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုထက်**

❍ ကျောဖုံးမှ

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ မြန်မာဂေါက်သီးရိုက်အသင်း နာယကများ ဖြစ်ကြသော ဦးမြင့်ထွန်း၊ ဦးမျိုးမြင့်နှင့် ဦးမြင့်စိုးတို့က ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်၊ Junior Golf Myanmar (JGM) မှ ဒေါ်မြင့်မြင့်သန်း၊ HAN Golf Masters Pte., Ltd ဒါရိုက်တာ ဦးအောင်ထွန်းဦး၊ Double Eagle ကိုယ်စားလှယ်တို့က လက်ခံရယူသည်။ ယင်းနောက် မြန်မာဂေါက်သီးရိုက်အသင်း ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးချစ်မင်းစံက အသက် ၁၂နှစ်အောက်သက်တမ်းတွင် နှစ်သိမ့်ဆုများရရှိသော နိုင်ဦးကို (စုစုပေါင်းရိုက်ချက် ၁၇၇ ချက်)၊ ရဲမင်းသန့် (စုစုပေါင်းရိုက်ချက် ၁၈၅ ချက်) တို့ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၇၃ ချက်ဖြင့် တတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်သန်းထွဋ်၊ စုစုပေါင်းရိုက်ချက် ၁၄၂ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးထွဋ်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဝါသနာရှင်အဆင့် အမျိုးသမီးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးသက်တမ်းတွင် နှစ်သိမ့်ဆုများရရှိသော ဆုလာဘ်အောင် (စုစုပေါင်းရိုက်ချက် ၁၇၄ ချက်)၊ အိကလျာသိန်း (စုစုပေါင်းရိုက်ချက် ၂၂၆ချက်) တို့ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် တတိယဆုရရှိသော လက်ျာလေးဖြူ၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ဒုတိယဆုရရှိသော မိုးပြည့်စုံခင်၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကိုလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးသက်ဇော်လှိုင်က အသက် ၁၄ နှစ်အောက်သက်တမ်း နှစ်သိမ့်ဆုများရရှိသော ဘုန်းသစ်တိုး (စုစုပေါင်းရိုက်ချက် ၁၈၄ ချက်)၊ ကောင်းဆက်ဝန်း (စုစုပေါင်းရိုက်ချက် ၁၈၅ ချက်) တို့ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၈၃ ချက်ဖြင့် တတိယဆုရရှိသော ကောင်းမြတ်ဟိန်း၊ စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် ဒုတိယဆုရရှိသော ထွန်းထွန်းဦး၊ စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် ပထမဆုရရှိသော ခန့်ဘုန်းလျှန်တို့ကိုလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဒေါက်တာချိုထွန်းက အသက် ၁၈ နှစ်အောက်သက်တမ်းတွင် နှစ်သိမ့်ဆုများရရှိသော ပြည့်စုံအောင် (စုစုပေါင်းရိုက်ချက် ၁၇၃ ချက်)၊ အာကာမျိုးသန့် (စုစုပေါင်းရိုက်ချက် ၁၇၀) တို့ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် တတိယဆုရရှိသော ကောင်းထက်၊ စုစုပေါင်းရိုက်ချက် ၁၅၂ ချက်ဖြင့် ဒုတိယဆုရရှိသော ဟိန်းနိုင်ဇင်၊ စုစုပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် ပထမဆုရရှိသော အောင်ဗိုလ်ကောင်းသန့်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MGF**



❒ MNL 2 မှ

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက် ကျင်းပရာ ဒုတိယဆုရရှိသည့် Rainbow အသင်းအား ဆုကြေးငွေ ကျပ်သိန်း ၂၀၊ ပထမဆုရရှိသည့် Rangers အသင်းအား ဆုကြေးငွေ ကျပ်သိန်း ၄၀ နှင့် ချန်ပီယံဆု ဖလားတို့ကို မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ အား/ကာမှတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ယခုနှစ် MNL-II Promotion Amateur Club Tournament 2023 ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်းရှစ်သင်းဖြင့် ကျင်းပခဲ့ပြီး MNL-2 ပြိုင်ပွဲကို တန်းတက်/တန်းဆင်းစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် လာမည့်နှစ်များတွင်ပါ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဗိုလ်လုပွဲရောက်ရှိခဲ့သည့် Rangers အသင်းနှင့် Rainbow အသင်းသည် လာမည့်ရာသီ MNL-2 ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၈

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

---------------------

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၃၀-၁၂-၂၀၂၃ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅) အမှတ် (၅၂) တွင် ကိုယ်တိုင် အပင်ပန်းခံပြီး တန်ဖိုးထားစိုက်ပျိုး၍ ရရှိလာသည့် အသီးအနှံများကို မခူးရက်ဘဲ နှမြောစိတ် ဝင်နေမိသော ပုပုတို့ သူငယ်ချင်း တစ်စုအကြောင်း တင်ဆက် ထားသည့် "ပုပု ပါဝင်သည့် ကိုယ်ချင်းစာစိတ်" မျက်နှာဖုံးကာတွန်း၊ ကျန်းမာ သက်ရှည်စွာ နေနိုင်ရန်အတွက် သတိပြုလိုက်နာ ဆောင်ရွက်အပ်သော ကျန်းမာရေးဗဟုသုတများကို တင်ဆက်ထားသည့် "အသက်ရှည်ကျန်းမာချင်ပါသလား" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ စစ်သားလေး၏ မိမိတိုင်းပြည်အပေါ်ထားရှိသည့် မျိုးချစ်စိတ်ဓာတ်ကြောင့် စစ်သူကြီးမှာ ပီတိဖြစ်ရပုံအကြောင်း ရေးဖွဲ့ထားသည့် "အမေပြောသော ပုံပြင်များ-မျိုးချစ်စစ်သည်လေး" နှစ်မျက်နှာကာတွန်း၊ လယ်သမားကြီး၏ အကူအညီဖြင့်အရုပ်ကမ္ဘာထဲတွင်သူ၏ကြက်ပေါက်လေးများနှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခွင့်ရခဲ့သော ကြက်လေး ချန်ဂီအကြောင်း တင်ဆက်ထားသည့် "အလွန်သေးငယ်သော ကြက်လေးချန်ဂီ" ပုံပြင်ကဏ္ဍ၊ ပုချိုပြောသည့် ချမ်းသာခြင်း အစစ်အမှန်အကြောင်း ရေးဖွဲ့ထားသည့် "ချမ်းသာခြင်း" တစ်မျက်နှာကာတွန်း၊ မြန်မာတို့သည် နယ်ချဲ့တို့လက်မှ အရယူနိုင်ခဲ့သော နိုင်ငံတော်၏ လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရန် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာတက္ကသိုလ် ဆန်းတင့်နိုင်၏ "လွတ်လပ်ရေးနေ့" ကဗျာကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၅-၁၂-၂၀၂၃ ရက်မှအဆက်

ဤသို့သော သူတို့နှစ်ဦး၏ ခြားနားချက်အသွင်လက္ခဏာ၊ စိတ်နေသဘောထား၊ အရည်အချင်းများကို ကိုအေးဆွေ နှိုင်းယှဉ်ဝေဖန်နေမိ၏။ ထိုအခါ ကိုအေးဆွေသည် မည်သည့်အကြောင်းကြောင့်ဟု မသိ။ သက်ပြင်းကို အလိုလို ရှိုက်ချလိုက်သည်။ ဘာလို့များနှိုင်းယှဉ်မိပါလိမ့်။

"ကိုရင့်ခါးက စွပ်ကျယ်ချွတ်လေ။ ညစ်လှပြီ မဟုတ်လား။ လျှော်ရအောင်"

ထွေးရီ၏ ပြောလိုက်သံက ကိုအေးဆွေ၏အတွေးများကို ပြတ်သွားစေ၏။ ထွေးရီပြောမှပင် ကိုအေးဆွေသည် သူ့ကိုယ်မှစွပ်ကျယ်ကို သူ ငုံ့ကြည့်လိုက်၏။

အင်း၊ ဟုတ်ပါပကော။ စွပ်ကျယ်မှာ ညစ်ရုံမက ချွေးစော်ပင် နံနေပေပြီ။

ထို့ကြောင့်လည်း ကိုအေးဆွေသည် အစ်မကြီး အမိန့်ပေးသည်ကို မောင်ငယ်တစ်ယောက်က ကျိုးနွံစွာဖြင့် လိုက်လုပ်နေရသကဲ့သို့ မည်သို့မျှ ပြန်ပြောမနေတော့ချေ။ ခါးမှစွပ်ကျယ်ကို ချွတ်လိုက်သည်။ ထို့နောက် ထွေးရီပေးနေသော ဖွပ်လျှော်ပြီး စွပ်ကျယ်ကို လှမ်းယူကာ ဝတ်လိုက်သည်။

"ကိုရင့်ဟာက သိပ်ညစ်ပတ်တာပဲ။ ဖွပ်လျှော်ပြီး အဆင်သင့်ရှိတဲ့ စွပ်ကျယ်ကိုတောင် လဲမဝတ်ချင်ဘူး။ ကလေးကျနေတာပဲ၊ ဟင်း"

ထွေးရီသည် ကိုအေးဆွေကို မျက်စောင်းလေးခဲကာ ကြည့်လိုက်ရင်း အစ်မကြီးက မောင်ငယ်အား ကြိမ်းလိုက်သလို ကြိမ်းမောင်းလိုက်သည်။

"ကိုရင် ဘာဖြစ်နေတာလဲဟင်။ စကားလည်း တစ်လုံးမှ ပြန်မပြောဘူး။ မျက်နှာကြီးကလည်း ရှစ်ခေါက်ချိုးကြီးနဲ့"

ထွေးရီသည် သုန်မှုန်၍ ဣန္ဒြေကြီးတစ်ခွဲသားနှင့် ဖြစ်နေသော ကိုအေးဆွေ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး အကဲခတ်ရင်း မေးလိုက်ပြန်၏။

"ဟာ၊ ဒီကောင်မလေးကလည်း စိတ်ရှုပ်ရတဲ့အထဲ၊ သွားစမ်း သွားစမ်း"

စိတ်မရှည်နိုင်တော့သော ကိုအေးဆွေက စပ်စုလှသည့်ထွေးရီ၏အမေးကို အော်ငေါက်၍ပစ်လိုက်သည်။

"အမယ်လေး၊ သိပါတယ်၊ သိပါတယ်။ မပြောချင်လည်းနေပါတော့။

ထို့နောက်တော့ ထွေးရီသည် သူ့နှုတ်ခမ်းလေးများကို ထော်လန်သွားအောင် စူပစ်လိုက်ရင်း အဝတ်ဟောင်းများကို စုကောက်ကာ စိတ်ဆိုးမာန်ဆိုးဖြင့် ခြေထောက်ဆောင့်၍ တဖောင့်ဖောင့်နှင့် ထွက်သွားတော့သည်။ ခက်လိုက်ပါဘိ ထွေးရီရယ်။

ကိုအေးဆွေမှာ ဤသို့သာ စိတ်ထဲမှနေ၍ ရေရွတ်လိုက်မိတော့သည်။ တကယ်တော့လည်း ထွေးရီသည် ကိုအေးဆွေအား အစ်ကိုကြီးတစ်ယောက်ကဲ့သို့ ချစ်သည်၊ လေးစားသည်၊ မြတ်နိုးသည်။ ဝတ်ကြီးဝတ်ငယ်ရှိသမျှကိုလည်း ပြုစုသည်။ ဤကြားထဲမှ ဆိုးစရာ၊ တာစရာ၊ နွဲ့စရာရှိလျှင်လည်း ဆိုးလိုက်၊ တာလိုက်၊ နွဲ့လိုက်၊ စိတ်ကောက်လိုက်နှင့်ဖြစ်သည်။ ဒါကိုပင် ကိုအေးဆွေသည် နှမလေးအရင်းပမာ သံယောဇဉ်တွယ်တာ၍ ချစ်ရသည်။ ခင်ရသည်။ အလိုလိုက်ရသည်။ အော်စရာရှိလျှင်လည်း အော်ငေါက်ပစ်မိသည်။

သည်ကဲ့သို့ ကိုအေးဆွေအပေါ် ထွေးရီတစ်ယောက်က ဂရုတစိုက် ယုယပြုစုဖော်ရသည်မှာလည်း ကိုအေးဆွေ ရန်ကုန်မှပြန်ရောက်စကတည်းက ဖြစ်လေသည်။

ကိုအေးဆွေ၏မိခင်ကြီးဖြစ်သူ ဒေါ်ဘုမဆိုသည်ကလည်း ကောင်းစွာကျန်းမာလှသည် မဟုတ်ချေ။ မကြာခဏ ပန်းနာရင်ကျပ်၍ ချောင်းဆိုးနေတတ်ပေသည်။ အိပ်ရာထဲလဲ၍ တရှုံရှုံမြည်ကာ တဟောဟော မောနေတတ်လေသည်။

ထိုအခါ ကိုအေးဆွေသည် မိခင်၊ ဖခင်တို့၏ အဝတ်အစားများကို လျှော်ဖွပ်ပေးရလေသည်။ ကြာတော့လည်း ထွေးရီသည် မနေနိုင်တော့ချေ။ ကိုအေးဆွေ၏တာဝန်ကို သူက လွှဲပြောင်းယူရာမှ ယခုတော့ ကိုအေးဆွေ၏အဝတ်အစားများကိုပါ သူက ဒိုင်ခံ၍ လျှော်ဖွပ်ပေးနေတော့သည်။

ယခုတော့မူ ထွေးရီသည် ကိုအေးဆွေတို့၏ အိမ်ထောင်စုအပေါ်တွင် အချိန်ရလျှင်ရသလို သူတတ်နိုင်သည့်အလုပ်ကလေးများကို လာရောက်ကူညီလုပ်ကိုင်ပေးတတ်သည်။ ဒေါ်ဘုမတစ်ယောက် ရောဂါဖိစီး၍ အိပ်ရာထဲလဲသွားပြီဆိုလျှင်လည်း သူပင် လာရောက်၍ ဝတ်ကြီးဝတ်ငယ်မှန်သမျှကို မငြီးမငြင် မိခင်ရင်းပမာ စေတနာထားပြီး ပြုစုနေတတ်ပေသည်။

ထိုအခါ ဒေါ်ဘုမက "သမီးရယ်၊ သမီးလည်း အမေတို့အိမ်အတွက် ပင်ပန်းလှပါတယ်။ နေပါစေကွယ်။ အမေတို့ဟာ အမေတို့လုပ်ပါ့မယ်" ဟု ပြောဆိုဟန့်တားခဲ့သည်ကိုပင် ထွေးရီက လက်မခံခဲ့ပေ။

"ညဥ့်သည် တဖြည်းဖြည်း နက်၍နက်၍လာသလို
ကိုအေးဆွေ၏အတွေးများသည်လည်း တစ်စတစ်စ နက်၍နက်၍လာသည်။
ခင်သန်းဌေးသည် မကြာမီ ဦးဝင်းအောင်နှင့် လက်ထပ်တော့မည်၊
ယခုရက်ပိုင်းအတွင်းမှာပင် စေ့စပ်ကြောင်းလမ်းနားဖောက်၍
မင်္ဂလာဆောင်ရန်ရက်များ အတိအကျ သတ်မှတ်တော့မည်၊
ဤကိစ္စအတွက် ယနေ့ နက်ဖြန်ဆိုသလို ဦးဝင်းအောင်၏မိဘများလည်း
မိတ္ထီလာမှ ရောက်လာတော့မည်ဆိုသော ရင်နင့်စရာသတင်းများကို
ကိုအေးဆွေသည် လှကြည်ထံမှ ဆက်ကာဆက်ကာ ကြားသိရလေသည်။
ပထမတော့မူ ကိုအေးဆွေသည် ဤသတင်းများကို လက်မခံချင်ပေ။
သတင်းစကားဆိုသည်မှာ ဟုတ်သည်ထက် ချဲ့ထွင်၍ပြောတတ်သည်မဟုတ်ပါလား။"

မှန်ပေသည်။ ကိုအေးဆွေတို့အိမ်ထောင်စုအပေါ်တွင် ထွေးရီမှလုပ်မပေးလျှင် မည်သူကလုပ်ပေးပါမည်နည်း။

ဦးဖိုးခ ဆိုသည်ကလည်း ခြေတစ်ဖက်မသန်စွမ်းတော့သည့် အသက်ကြီးလာပြီဖြစ်သော အဘိုးအို။ ဒေါ်ဘုမဆိုသည်မှာလည်း လူမမာ အမယ်အို။ ကိုအေးဆွေကလည်း စုပေါင်းထန်းလုပ်ငန်းကိစ္စနှင့် ပတ်သက်၍ နေ့မအား ညမအား အချိန်ပြည့် တာဝန်ယူနေရသော လူတစ်ယောက်။

ဤသည်များကိုထွေးရီက သဘောပေါက်ပေသည်။

ယခုတော့ ကိုအေးဆွေ၏ ကိုယ်ရေးကိုယ်တာ ရင်တွင်းပြဿနာကိုပါ သိပါတယ်၊ သိပါတယ်ဟု ထွေးရီက ဆိုနေချေပြီ။

မည်သည်ကို သိလေသနည်း။

[ ၄၅ ]

ဖတ် ဖတ် ဖတ်၊ အောက်အီးအီးအွတ်။

လုလင်ပြန်ချိန်ကြက်များ တွန်လာသည့်တိုင်အောင် ကိုအေးဆွေမှာ အိပ်မပျော်နိုင်သေးချေ။ တကယ်တော့လည်း အိပ်၍ကောပျော်နိုင်ပါမည်နည်း။

ညဥ့်သည် တဖြည်းဖြည်း နက်၍နက်၍ လာသလို ကိုအေးဆွေ၏ အတွေးများသည်လည်း တစ်စတစ်စ နက်၍နက်၍ လာသည်။

ခင်သန်းဌေးသည် မကြာမီ ဦးဝင်းအောင်နှင့် လက်ထပ်တော့မည်၊ ယခုရက်ပိုင်းအတွင်းမှာပင် စေ့စပ်ကြောင်းလမ်းနားဖောက်၍ မင်္ဂလာဆောင်ရန်ရက်များအတိအကျသတ်မှတ်တော့မည်၊ ဤကိစ္စအတွက် ယနေ့ နက်ဖြန်ဆိုသလို ဦးဝင်းအောင်၏ မိဘများလည်း မိတ္ထီလာမှ ရောက်လာတော့မည်ဆိုသော ရင်နင့်စရာသတင်းများကို ကိုအေးဆွေသည် လှကြည်ထံမှ ဆက်ကာဆက်ကာ ကြားသိရလေသည်။

ပထမတော့မူ ကိုအေးဆွေသည် ဤသတင်းများကို လက်မခံချင်ပေ။ သတင်းစကားဆိုသည်မှာ ဟုတ်သည်ထက် ချဲ့ထွင်၍ပြောတတ်သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ကိုအေးဆွေသည် လူတွေ၏ အတင်းအဖျင်းပြောတတ်သည့် အကျင့်ကို နားလည်သဘောပေါက်ကာ မဖြစ်နိုင်ပါ၊ မဟုတ်နိုင်ပါဟုသာ ကိုယ့်စိတ်ကို အတင်းငြင်းကွယ်နေမိ၏။

သို့သော် တစ်ကြိမ်ထက်တစ်ကြိမ် ကြားလာဖန်များလာသောအခါ ထိုသတင်းစကားများကို အတည်ပြုလာချင်သလို ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် လှကြည်က ဤသတင်းများသည် တိကျခိုင်လုံသော သတင်းစကားများဖြစ်ပါသည်ဟု အခိုင်အမာဆိုလာသောကြောင့် ဖြစ်၏။ ဘာကြောင့် ဤသတင်းစကားများ ခိုင်မာပါသည်ဟုဆိုသော် သူ့ဆရာကတော် စိန်စိန်ထံမှ ကြားရသောကြောင့်တည်းဟု ဆိုလေသည်။

စိန်စိန်ဆိုသည်မှာ လှကြည်တို့၏ အထက်လူကြီး၊ တစ်နည်းဆိုရသော် ကျောက်ပန်းတောင်း ပြည်သူ့ရဲတပ်ဖွဲ့ တာဝန်ခံ၊ စခန်းမှူး (ဌာနာပိုင်) ၏ ဇနီးဖြစ်သည်။ မြို့ပိုင်ဦးဝင်းအောင်နှင့် မောင်နှမဝမ်းကွဲတော်သည်။ ဦးဝင်းအောင်နှင့် ခင်သန်းဌေးတို့ နီးစပ်ရေးအတွက် စိန်စိန်က ဖန်တီးပေးနေသည်ဟု ဆိုလေသည်။

နောက်ဆုံးအစီအစဉ်ဖြစ်သော စေ့စပ်ကြောင်းလမ်းရေးလုပ်ပြီး မင်္ဂလာဆောင်ရန်ရက်များ အတိအကျ သတ်မှတ်ရေးအထိ၊ ခင်သန်းဌေးက သဘောတူသည်အထိ ဖန်တီးသိမ်းသွင်း ခြယ်လှယ်နေသူမှာ စိန်စိန်ပင်ဖြစ်သည်ဟု လှကြည်က အခိုင်အမာ ဆိုလာချေတော့သည်။

ထို့ကြောင့်လည်း ကိုအေးဆွေမှာ ထိုထိုသော သတင်းစကားများ ကြားသိစက ဟုတ်ပါသည်၊ မှန်ပါသည်ဟု ဆိုပါလျက်နှင့်ပင် မဟုတ်ပါ၊ မမှန်ပါဟု ကိုယ့်စိတ်ကို လှည့်စားထားခဲ့သော စိတ်တို့သည် ယခုတော့ အရည်ပျော်စပြုလေပြီ။

ထို့နောက်တော့ဝယ် ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ နှမြောတသခြင်း စသောဝေဒနာမျိုးစုံတို့သည် တစ်ရက်ပြီးတစ်ရက် ကိုအေးဆွေအား တရိရိနှင့် နွမ်းစေအောင် ဖိစီးနှိပ်စက်စ ပြုလာတော့သည်။

အစကမူ ကိုအေးဆွေသည် ခင်သန်းဌေးအား ခံယူချက်ရှိ၍ ယုံကြည်ချက် အယူအဆ ဝါသနာချင်း တူညီလေသူဟု ယုံစားမိခဲ့၏။ မြတ်နိုးခဲ့၏။ ဘဝလမ်းခရီးတစ်လျှောက်သွားရာမှာပင် လက်တွဲသွားရန် ရည်မှန်းခဲ့၏။ ရည်မှန်းခဲ့သည့်အတိုင်းလည်း ထန်းမောင်နှံအောက်ဝယ် သူ့အား မေတ္တာတေးဆို၍ ရင်ဖွင့်ပြခဲ့၏။ သူ၏ ချစ်ရည်လူးနေသော မျက်လုံးကြီးများဖြင့်လည်း မိမိအား ကလယ်ကလယ်နှင့် ကြည့်နေခြင်းခံရ၏။ ဤသည်ကပင် သူ့နှလုံးသား၏ အဖြေပင်ဖြစ်သည်ဟု ယုံစားမှတ်ထင်ခဲ့လေသည်။

ယခုတော့ ဤချစ်ရည်လူးနေသော မျက်လုံးကြီးတို့သည် ဘာများအဓိပ္ပာယ်ရှိတော့သနည်း။

အင်း၊ အထက်တန်းလွှာမှ လူကုံထံတို့၏ စိတ်နေသဘောထားကို နားလည်ရန် ခက်ပါဘိ။

အမှန်တော့လည်း ကိုအေးဆွေသည် ခင်သန်းဌေးအား ကျောင်းသားဘဝကတိုင် ချစ်ရုံသာချစ်ခဲ့၏။ ဘဝခရီးလမ်းတစ်လျှောက် လက်တွဲသွားရန်ထိ မမျှော်မှန်းခဲ့။ လူနေမှုအဆင့်ချင်းက ကွာခြားလေသူမို့ ကိုယ့်အချစ်ကိုကိုယ် မျိုသိပ်ကာ ခပ်မဆိတ်နေခဲ့သည်။ ဤသည်ကိုပင် လှကြည်နှင့် ဆယ်ရင်တို့က မကြာခဏ ဘေးတီး၍ မြှောက်ပေးခဲ့ကြသည်။ မည်မျှပင် မြှောက်ပေးခဲ့စေကာမူ ကိုအေးဆွေက လက်မခံခဲ့။ ကြာတော့လည်း စိတ်ပါလာသည်။ သူတို့ပြောစကား ဟုတ်နိုးနိုးထင်လာသည်။ သို့တိုင်အောင် ကိုအေးဆွေက သူတို့အား လူတန်းစားတစ်ရပ်၏ မစွန့်နိုင်သော၊ ရှိလေ့ရှိထရှိသော ဉာဉ်မျိုးကို သဘောတရားပြ၍ ငြင်းဆိုခဲ့ဖူးသည်။

"ဒီမှာ လှကြည်၊ လူ့ဘဝဆိုတာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ ကင်းကွာလို့မရဘူး။ အမြဲတမ်း ဆက်စပ်နေတာ။ ကိုယ့်ချည်းထီးတည်း နေလို့မရဘူး။ ဌေးဌေးရဲ့ဘဝဟာလည်း ဒီလိုပဲ။ သူ့ရဲ့ လူမှုရေး ဆက်ဆံရေးတွေနှင့် ပတ်သက်လာရင် ဘယ်လိုပဲ ခံယူချက်တွေ၊ ယုံကြည်ချက်တွေ ပြောင်းလဲနေတယ် ဆိုပေမဲ့ တကယ်တမ်း သူ့ဘဝ အိမ်ထောင်ရေးကျတော့ သူ့ဘဝကိုသူ လွတ်လပ်စွာ ဖန်တီးနိုင်မှာ မဟုတ်ဘူး။ စွန့်နိုင်မှာမဟုတ်ဘူး။ သူ့မိဘနဲ့ ဆွေမျိုးအသိုင်းအဝိုင်းက ချုပ်ကိုင်ထားမှာ။ အဲဒီလို ချုပ်ကိုင်ထားတာကိုလည်း သူက လွန်ဆန်ရဲလိမ့်မယ်လို့ မထင်ဘူး"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၈-၁၂-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၇၉၄။ | ကွယ်လွန်သူဖခင်ကြီး ဦးဝင်းလွင်အားရည်စူး၍ မိခင်ကြီးဒေါ်ခင်အေးလှိုင်၊ (သား)ဦးကိုကိုလွင်(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မိုးမိုးလွင်မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၇၇၉၅။ | ဒေါ်ခင်သန်းမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၇၉၆။ | ဖခင်ဦးသန်းတင်နှင့် မိခင်ဒေါ်အုန်းငွေ၊ (မောင်)ဦးခင်ဇော်၊ ဦးမျိုးမြင့်၊ (ညီမ)ဒေါ်ခင်ဝင်းကြည်၊ (သား)မောင်ကောင်းမြတ်ဦးတို့အားရည်စူး၍ ဒေါ်လှလှဝင်း၊ ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၉၇။ | ဦးမျိုးတင့်ဆန်းနှင့်ဇနီး ဒေါ်ခိုင်မျိုးဝေမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၉၈။ | မင်္ဂလာဥယျာဉ်သီလရှင်စာသင်တိုက်မှ ဆရာကြီးနှင့်ဆရာလေးများကောင်းမှု | ၂၀၀၀၀၀ |
| ၇၇၉၉။ | ဦးညီအေးနှင့်ဇနီး ဒေါ်သန်းသန်းဌေးမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၈၀၀။ | ဦးဇော်မိုးညွန့်နှင့်ဇနီး ဒေါ်သက်မြတ်နိုင်၊ (သား)မောင်အောင်မိုးဆက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၀၁။ | ဦးထွန်းလှနှင့်ဇနီး ဒေါ်ငယ်အားရည်စူး၍ (သမီး)ဒေါ်သန်းတင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၀၂။ | ကွယ်လွန်သူဖခင်ကြီး ဦးခင်မောင်ရင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၈၀၃။ | ဒေါ်စိန်မြင့် ၈၃ နှစ်မြောက်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၀၄။ | ကွယ်လွန်သူ ဦးထွန်းမြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၀၅။ | ကွယ်လွန်သူဖခင်ကြီး ဦးချစ်လှိုင်နှင့် မိခင်ကြီးဒေါ်တင်မြင့် အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၀၆။ | ဦးကျော်ကျော်နှင့်ဇနီး ဒေါ်စန်းစန်းရီ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၀၇။ | ဗိုလ်ကြီးကျော်သိန်းစိုး(ငြိမ်း)နှင့်ဇနီး ပါမောက္ခဒေါက်တာမျိုးသူဇာခင်၊ (သမီး)မဆုဝေမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၀၈။ | ဦးတိုင်းရနှင့်ဇနီး ဒေါ်လှမြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၀၉။ | ဒေါ်နှင်း၊ ဒေါ်လုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၈၁၀။ | သထုံမြို့မဟာနိဗ္ဗိန္ဒတောရဆရာတော်ကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၁။ | ဦးတင်စိန်နှင့်ဇနီး ဒေါ်နီနီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၂။ | ဦးကျော်နိုင်နှင့်ဇနီး ဒေါ်ခင်မို့မို့အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၃။ | ဦးဇော်ထက်နှင့်ဇနီး ဒေါ်ထားထားဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၄။ | ဒေါက်တာဖြိုးမောင်မောင်မင်းနှင့်ဇနီး ဒေါ်နှင်းလဲ့ဖြူဝင်းမိသားစုမွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၇၈၁၅။ | ဒေါ်ခင်မေကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၆။ | ဒေါ်စိန်စိန်အားရည်စူး၍ ဦးကျော်မြင့်ဘုရားဖူးအဖွဲ့ကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၇။ | ဦးခင်ထွန်းနှင့်ဇနီး ဒေါ်ခင်စောဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၈။ | ဦးကျော်စည်နှင့်ဇနီး ဒေါ်သီတာဇင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၁၉။ | ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးစိုးမြင့်(ငြိမ်း)အားရည်စူး၍ မိခင်ကြီးဒေါ်ညွန့်ညွန့်သန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၂၀။ | ဦးစံလင်းနှင့်ဇနီး ဒေါ်လှခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၂၁။ | ကွယ်လွန်သူမိဘများ၊ (အစ်ကို)ဦးကျော်မြင့်၊ ဦးခင်မောင်အေး၊ ညီမ ဒေါ်တင်တင်ဝင်းတို့အားရည်စူး၍ ဦးတင်မောင်လတ်(တိုင်းပညာရေးမှူး)၊ (ညီမ)ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်တင်လေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၂၂။ | ဒေါ်မြင့်မြင့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၂၃။ | မောင်ဘုန်းလရောင် ၁၃ နှစ်ပြည့်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၇၈၂၄။ | ဦးယုလွင်အောင်နှင့်ဇနီး ဒေါ်ကေသီမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၈၂၅။ | ဗိုလ်အောင်ကျော်ထွန်း ၆၅ နှစ်ပြည့်မွေးနေ့အလှူ | ၆၅၀၀၀ |
| ၇၈၂၆။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်အားကျိုးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၈၂၇။ | ဦးလှအေးနှင့်ဇနီး ဒေါ်မြင့်မြင့်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၂၈။ | ကွယ်လွန်သူ ဖခင်ကြီးဦးအောင်မြင့်ကိုအားရည်စူး၍ ဒေါ်မြင့်မြင့်တိုးမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၈၂၉။ | နှစ်ဖက်သောမိဘများအား ရည်စူး/အမျှထား၍ ဗိုလ်မှူးကြီးမြင့်နိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်နီလာအောင်၊ (သား)မောင်ကျော်လက်ျာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၀။ | ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၁။ | ဦးလှိုင်ဝဏ္ဏနှင့်ဇနီး ဒေါ်မာမာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၂။ | ဒေါ်မုန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၃။ | ဦးဇော်မြင့်နှင့်ဇနီး ဒေါ်နှင်းဦးပွင့်၊ (သမီး)မမေပွင့်ဖြူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၄။ | ဦးသိုက်စိုးဝင်းနှင့်ဇနီး ဒေါ်မီမီသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၅။ | နှစ်ဖက်သောမိဘများအား ရည်စူး/အမျှထား၍ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်ချိုချိုမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၆။ | ဦးညွန့်အောင်နှင့်ဇနီး ဒေါ်အေးအေးနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၇။ | ဦးချစ်ကိုနှင့်ဇနီး ဒေါ်ချိုသဲမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၈။ | ဦးအောင်ခန့်ဖြိုးနှင့်ဇနီး ဒေါ်ခင်ငြိမ်းချမ်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၇၈၃၉။ | ဦးကျော်ထင်နှင့်ဇနီး ဒေါ်သန်းသန်းထွေး၊ (သမီး)မခင်စန္ဒာထွန်း၊ (သား)မောင်ဟိန်းခန့်ကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၀။ | ကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ သဒ္ဓမ္မသိင်္ဂီသီလရှင် စာသင်တိုက်ဆရာလေး(၃)ပါးကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၁။ | ဦးကျော်သူရအောင်နှင့်ဇနီး ဒေါ်ချိုချိုသန်း၊ (သား)မောင်သူထူးဇော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၂။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်ကြင်ယုံ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၃။ | ဒေါ်ခင်မာကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၄။ | ဦးမြင့်စိုးနှင့် (ညီမ)ဒေါ်မာမာစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၅။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၆။ | ဦးချစ်ညီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၇။ | ကွယ်လွန်သူ ဦးတင်လှနှင့် ဒေါ်မြသန်းအားရည်စူး၍ ဦးသန်းလှိုင်နှင့်ဇနီး ဒေါ်သင်းသင်းမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၈၄၈။ | ဒေါ်ခင်အုန်းမြင့်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက် အမှတ်-၉၅၀/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာ-အမှတ် (၉၅၀/က)၊ သုဇာတာ (၂) လမ်း၊ (၂) ရပ်ကွက်၊ ဦးမောင်ကြီး [၁၂/ဥကမ (နိုင်)၀၃၆၂၀၃] အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးမောင်ကြီး (ခင်ပွန်း) သည် (၄-၈-၂၀၁၉) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်သိန်း [၁၁/သတန(နိုင်)၀၂၉၄၅၀] မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံ ခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၄၈/၂၀၂၃၊ (၁၆-၁၀-၂၀၂၃) ထောက်ခံချက်၊ ကျမ်းကျိန် (၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၁၃၀၉)၊ အကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးသိန်းဟန် (AB- ၀၇၃၃၆၁)ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် (၃၁-၁၂-၂၀၂၂)ရက်နေ့က ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ဇင်မီမီကျော် [၈/ဂဂန(နိုင်)၁၀၁၃၀၃]သည် မိမိမှလက်ဝယ်ထား ပိုင်ဆိုင်ကာ ရောင်းချ ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိ သည့်နေ့ရက်မှ စတင်၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇ / အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၇၂၉)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၇၂၉)၊ ဧရိယာ (၀.၀၅၆)ဧက၊ အကျယ်အဝန်း(အလျား၄၁ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် ပျဉ်ထောင်အိမ် အပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို မြေအမည်ပေါက် ဒေါ်သန်းနွဲ့ (CF- ၀၆၁၇၉၇)[၁၂/သကတ(နိုင်)၀၃၆၀၉၁] ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက် အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် (၂၀၅၄၀ /၂၀၂၃) ကိုလက်ခံရယူထားသူ ဦးမင်းကွန်ထော [၁၂/ဒဂန(နိုင်)၀၀၀၄၅၅]မှ လက်ဝယ်ထားပိုင်ဆိုင်ကာ ရောင်းချ ခွင့်ရှိ ကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ဖွင့်ဟဝန်ခံ ကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါရှိသည့်နေ့ရက်မှစတင်၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## “အိမ်ခြံမြေ” ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် “**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၉)၊ (၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်–(၃၈၆)၊ အိမ်အမှတ်–(၃၈၆/ခ)ဟုခေါ်တွင်သော မြေကွက်၏အကျယ် (၄၀x၆၀)ပေရှိသည့်အနက်မှ (၁၀x၆၀)ပေရှိ (ခြေရင်းဘက်ခြမ်း)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**”တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော “ဦးတိုးနိုင်ဦး [၁၂/ရပသ(နိုင်)၀၈၂၃၅၇]” ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း(LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်–၁၄၅၉၈)** | **(စဉ်–၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၁၁၇၂၀၄၊၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## “အများသိစေရန် ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဇာနည်ဝင်း[၉/မထလ(နိုင်)၂၂၈၈၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဇာနည်ဝင်း[၉/မထလ(နိုင်) ၂၂၈၈၁၈]နှင့် ဦးဇော်ထက်အောင်[၉/မထလ(နိုင်)၂၃၂၆၅၇]တို့သည် (၁၃-၃-၂၀၁၃)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သား(၁)ဦးထွန်းကားခဲ့ပါသည်။

ထိုသို့ ပေါင်းသင်းနေထိုင်လာခဲ့ပြီးနောက် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိကြ၍ ဆက်လက် ပေါင်းသင်းလိုခြင်း မရှိတော့သည့်အတွက် (၁၆-၈-၂၀၁၅)ရက်နေ့တွင် နှစ်ဖက်အသိသက်သေ လူကြီးမင်းများ၏ရှေ့ မှောက်၌ “နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်”ပြုလုပ်ချုပ်ဆိုကာ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သူဇာဆက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇၂)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၅၆၅၅၀၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ်(၉၀၈)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိ **ဦးအောင်လင်းထိုက်**အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက်မှတရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏(လမ်းမှမြေကွက်အားမျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ အထူးကိုယ်စားလှယ်စာရရှိထားသူ **ဦးလီယုံချမ်း [၉/ပဥလ(နိုင်)၀၂၈၁၉၈]**မှ ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သဲသဲဦး[၈/ပဖန(နိုင်)၁၀၃၂၂၅]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မင်းသူ့နှိုးဖြိုး(စဉ်–၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **LL.B,D.I.P.L,DL–101 WIPO (Switzerland)** | **(LL.B,D.B.L,D.I.L,D.I.P.L,DL–101 WIPO (Switzerland)** |

**ဖုန်း–၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၉၉၆၆၄၅၅၆၊**
**၀၉–၅၀၄၉၁၇၄၊ ၀၉–၇၈၁၅၃၅၈၂၄**
**အမှတ်–၁၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(L)၊ ဆိုင်ခန်းအမှတ်(၆၃) ဆိုင်ခန်းအမည်ပေါက် **ဦးဝင်းအောင် [၁၂/လသန(နိုင်)၀၁၅၂၆၀]**ထံမှ **ဦးကျော်ဇေယျာ[၁၂/လမတ(နိုင်)၀၂၇၈၅၁]**က ဝယ်ယူထားပြီးဖြစ်ရာ **ဦးကျော်ဇေယျာ**အမည်သို့ ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**သီရိရတနာလက်ကားဈေး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ(၈)လမ်း၊ အမှတ်(၁၀၉၉)နေ (၁)ဦးမြင့်နိုင် (ဘ)ဦးအံ့တင်[၁၂/မရက(နိုင်)၁၂၆၅၁၆]၊ (၂)ဒေါ်ရီရီမွန်(ဘ)ဦးချစ်သိန်း[၃/ဘအန(နိုင်)၂၂၃၀၄၆]၊ (၃)ဒေါ်နွယ်နီဝင်း (ဘ)ဦးချစ်သိန်း[၃/ဘအန(နိုင်)၂၇၄၉၇၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇) ရပ်ကွက်၊ ထားဝယ်ကျောင်းလမ်း၊ အမှတ်(၅၉၁)ဟုခေါ်တွင်သော နေရပ်လိပ်စာရှိ ဦးစောလင်းကယ်(ဘ) ဦးစောဂျင်နီ ပါမစ်အမည်ရှိ အလျား ၄၀ပေ x အနံ ၆၀ပေ မြေကွက်ကြီးထဲမှ အလျား ၂၀ပေ x အနံ ၆၀ပေရှိ (ခေါင်းရင်းခြမ်း)၊ (မြေကွက်ကို ထားဝယ်ကျောင်းလမ်းမပေါ်မှ မျက်နှာမူလျှင် ညာဘက်ခြမ်း၊ ထောင့်ဘက်ခြမ်း)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အဆက်အစပ်စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မိမိကိုယ်တိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း အဆိုပြုသည်ကို ယုံကြည်သဖြင့် အဆိုပြုသူ ဒေါ်သန်းသန်းထွေး(ဘ)ဦးအုန်းကြိုင်[၁၂/ဥကတ(နိုင်)၁၃၇၄၆၈]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးမြင့်နိုင်၊ ဒေါ်ရီရီမွန်၊ ဒေါ်နွယ်နီဝင်းတို့မှ အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူပြီး လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်ချိုလတ်(အောင်လံ)**
**LL.B (စဉ်–၁၇၁၁၀)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံး–အမှတ်(၃၇)၊ ပထပ်၊ လမ်း(၃၀)အောက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09–421111320**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်စောဦး (၂)လမ်း၊ အမှတ်(၈၉၅)နေ ဒေါ်စိုးယုမွန် [၁၀/ဘလန(နိုင်)၀၈၀၆၃၀] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်နှင့်အညီ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးယုမွန်နှင့်ပတ်သက်၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုပြီး လူပုဂ္ဂိုလ်ဂုဏ်သရေတို့ကို ထိခိုက်နစ်နာစေရန်လည်းကောင်း၊ အကျိုးစီးပွားထိခိုက်စေရန်လည်းကောင်း ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန်အကြောင်းအရာများ၊ စကားရပ်များ၊ သတင်းအမှားများတို့ကို စွပ်စွဲပြောဆိုရေးသားဖြန့်ဝေ ပြောဆိုရေးသားမှုများရှိကြောင်းတွေ့ရပါသည်။ ယနေ့မှစ၍ ထိုသို့မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ ထပ်မံပြုမူဆောင်ရွက်ခြင်းများရှိလာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်စိုးယုမွန်** | **ဦးအေးဇော်ဦး(LL.B)** |
| **[၁၀/ဘလန(နိုင်)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၈၂)** |
| **၀၈၀၆၃၀]** | **အမှတ်(၇၆/က)၊ ဒုတိယထပ်၊** |
| | **အနော်ရထာလမ်း၊ ကြီးပွားရေးရပ်ကွက်၊** |
| | **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** |

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစစ်နိုင်ငွေသိန်း [၁၄/ကပန(နိုင်)၀၉၆၅၇၆]၏ ပထမတန်းစက်ဆရာလက်မှတ် စမပ-138-2018 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-403077083**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးတွင် 11. kv ဖီဒါ Pannel အသစ် တပ်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကိုပုတ်ပြတ် (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်းအား ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာန၌ သတ်မှတ်နှုန်းထားအတိုင်း (၂၉-၁၂-၂၀၂၃)ရက်နေ့မှ စတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၁-၁-၂၀၂၄)ရက်နေ့ (၁၄:၀၀)နာရီ ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ၀၁-၈၆၆၅၈၀၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ မြေကွက်အမှတ်(၅၀၇)၏ မြေအကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဦးမောင်မြထွန်း(AH–၀၇၄၇၂၃)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ အမည်ပေါက်(ဦးမောင်မြထွန်း)၏ သား/သမီး များဖြစ်သော ဦးသိန်းဝေ[၁၂/တမန(နိုင်)၀၂၉၉၀၄]နှင့်ဒေါ်စန္ဒာငွေး[၁၂/ဗဟန(နိုင်)၀၁၀၃၅၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁ ၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း (၃၀) အလယ်လမ်း၊ အမှတ်(၁၁၇/၁၁၉)၊ (၉)လွှာ ပေ(၅၀) ပတ်လည်ရှိ Penthouse ရေ၊ မီးအပြည့်အစုံ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်ကြည်ကြည်စော [၁၂/ဒလန(နိုင်)၀၄၀၆၅၄]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာ ကင်းရှင်းကြောင်း ဝန်ခံပါသဖြင့် ဦးဟန်လင်းအောင် [၁၂/ပဘတ(နိုင်)၀၁၀၂၁၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ၊ ဤကြော်ငြာစာပါသည့်နေ့မှ (၇) ရက်အတွင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဟန်လင်းအောင်၏ ညွှန်ကြားချက်အရ –**
**ဒေါ်မေသဇင်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၉၄၇၈/၂၈–၂–၂၀၁၈)**
**တိုက်(၁၄)၊ အခန်း(၁)၊ လှိုင်မြစ်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၄၀၁၄၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၂၆)၊ ၅လွှာA၊ (၁၅' x ၆၀' )တိုက်ခန်း၏ ပိုင်ဆိုင်သူ ဦးသန်းဇော်ဝင်း[၁၂/ပဘတ(နိုင်)၀၂၆၃၅၉]ထံမှ ဒေါ်ဝါဝါဝင်းဖြူ[၁၂/အလန(နိုင်)၀၁၃၇၉၈]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၆-၁၂-၂၀၂၃)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်(တစ်ပတ်)အတွင်း ကျွန်ုပ်တို့အား လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါဝင်းဖြူ [၁၂/အလန(နိုင်)၀၁၃၇၉၈]**
**Ph:09–799886522**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ်(၂၄၅)၊ အမှတ်(၃၇)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏(တိုက်ကိုမျက်နှာမူလျှင်ညာဘက်)၊ (၆-လွှာ/က)၊ တိုက်ခန်းအကျယ် (အလျား၁၁ပေခွဲ x အနံ၅၄ပေ)ရှိတိုက်ခန်းကို လက်ဝယ်ထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုဝန်ခံသူ ဒေါ်မြတ်ပွင့်ဖြူ[၁၄/ဟသတ(နိုင်)၃၃၄၈၀၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုသည့် တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်မာလုံလောက်သည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသန်းဦး(ဥပဒေဘွဲ့)** | **ဦးဘုန်းပြည့်စုံ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၁၁/၁၉၈၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၄၅၃၄/၂၀၂၁)** |

**ရုံး–အမှတ်–၂၈၊ ပထမထပ်၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၈၅၈၇၇၄၄**

## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်

သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂)နေ ကျွန်ုပ်တို့၏အမှုသည် ဦးစောမြင့်နိုင် [၁၂/သလန(နိုင်)၀၁၃၆၃၉]နှင့် ဒေါ်ရီရီမြင့်(ခ)ဒေါ်ရှုတီ (ကွယ်လွန်)တို့၏သားဖြစ်သူ ဦးအောင်ဝင်းနိုင်(ခ)ဦးအောင်သူရ[၁၂/သလန(နိုင်)၀၀၀၁၀၉]သည် ဖခင်၏သြဝါဒကိုမနာခံသည့်အပြင် ဖခင်ကို တော်လှန်ပြီး ရန်သူသဖွယ်ပြုကျင့်သည့် ကျင့်ဝတ်ပျက်ပြားသော “သွာနုတ္တ” သားတစ်ဦး ဖြစ်ပါသဖြင့် ကျွန်ုပ်တို့၏အမှုသည်က ၎င်းကို အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးတင်ထွန်း[B.A(Law),LL.B]** | **ဒေါ်သွဲ့ဦးမွန်(ငယ်ငယ်)(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၂၃၀၉/၈၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၉၂၀/၂၀၁၃)** |

**အမှတ်(၃)၊ ကြံခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၄၄၀၆၇၊ ၀၉–၅၁၄၃၆၄၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်း ဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ထူထောင်ဖို့၊ ဒီမိုကရေစီစနစ် မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရေးပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)

## MGC 18th Junior Golf Open Championship 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်တို့ ပူးပေါင်းကျင်းပသည့် MGC 18th Junior Golf Open Championship 2023 မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ (၉)မိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ဆက်လက်ကျင်းပသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍**

## MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲတွင် Rangers အသင်း ဗိုလ်စွဲ





**ရန်ကုန် ဒီဇင်ဘာ ၂၈**

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ Rangers အသင်းက Rainbow အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ချန်ပီယံဆု ဆွတ်ခူးရရှိ**

တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် အသင်းနှစ်သင်း ဗိုလ်လုပွဲတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး Rangers အသင်းက ရှုံးကြွေးပြန်ဆပ်ကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ ရှုံးပွဲမရှိဘဲ ဗိုလ်လုပွဲတက်ရောက်လာသည့် Rainbow အသင်းသည် ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ Rangers အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၅၃ မိနစ်တွင် အောင်နိုင်ဖြိုးက သွင်းယူခဲ့သည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❒**




## မန်စီးတီးအသင်းက အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ ဒီဇင်ဘာ ၂၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၉)မှာ လက်ရှိချန်ပီယံမန်စီးတီးအသင်းက အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အဲဗာတန်အသင်းက ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်မှာ ဟာရီဆင်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ ဖိုးလ်ဖိုဒန်ကတစ်ဂိုး၊ ၆၄ မိနစ်မှာ အယ်လ်ဗာရက်ဇ်က ပင်နယ်တီကနေ တစ်ဂိုးနဲ့ ၈၆ မိနစ်မှာ ဘာနာဒိုဆေးလ်ဗားက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✪**

## ယနေ့ ဖတ်စရာ

**ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမား ကိုးသိန်းနီးပါးခန့်ကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးနိုင်ရေး စခန်းငါးခုနှင့် Mobile Unit သုံးခု ဖွင့်လှစ်ဆောင်ရွက်မည်**

စာမျက်နှာ » ၅

**မန္တလေးနှင့် ကျောက်မြောင်းကြားတွင် ရော့ဝတီလင်းပိုင်သားပေါက် သုံးကောင်တွေ့ရှိ**

စာမျက်နှာ » ၈

**ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာနှင့် ရေတာရှည်မြို့နယ်တို့မှ ကျေးရွာများအတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူအချို့ သေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅